### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဥ္စ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ



### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၄၂)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်နေ့
၂၀၂၆ ခုနှစ်၊ မေ ၃၀ ရက်၊ စနေနေ့



ပညာ

## ကျောင်းအပ်နှံရေးသီတင်းပတ်
(၂၅.၅.၂၀၂၆ ရက်နေ့မှ ၃၁.၅.၂၀၂၆ ရက်နေ့ထိ)

"လူငယ်များဘဝထက်မြက်ဖို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံကြပါစို့"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။


# ဒုတိယသမ္မတ ဦးညိုစော (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည်အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့်ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း





တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ရေဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီးဒေါ်စမ်းစမ်းအေးအမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူးကျင်းပသည့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၀၀)တို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ကျင်းပသည်။ **စာမျက်နှာ ၅ ကော်လံ ၁ ➲**

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်တို့နှင့်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တွေ့ဆုံ

စာ - ၁၅ သို့

- - - - - - - - - - - - - - - - - - -

**ဆောင်းပါး** **ပညာရေးမှ တာဝန်သို့**

စာ - ၁၃ သို့

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၉**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

**ရွှေမန်းသူ**

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၃၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၃၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ပုသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၃၀ ရက်)

# စွမ်းရည်သုံးရပ်ပြည့်ဝရေး ပိုမိုကြိုးပမ်းရှက်ဆောင်

တပ်မတော်သည် စနစ်တကျကျစ်လျစ်ခိုင်မာစွာဖွဲ့စည်းထားသည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ဒို့တာဝန် အရေးသုံးပါးကိုအလေးထားဆောင်ရွက်နေသည့်အတွက် တပ်တည်ဆောက်ရေးလုပ်ငန်းတွင်ဖြစ်စေ၊ လုံခြုံရေးနှင့် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရာတွင်ဖြစ်စေ ဦးစီးဦးဆောင်ပေးရသောတပ်မှူးများအပေါ် မူတည်၍ အောင်မြင်မှုရရှိကြသည်။ အလားတူ တပ်စိတ်၊ တပ်စု၊ တပ်ခွဲအဆင့်တိုင်းတွင် ဦးစီးဦးဆောင် ပေးရသော ခေါင်းဆောင်အပေါ်မူတည်၍ အရည်အသွေးနှင့် စွမ်းဆောင်မှုကွာခြားသည်ကိုတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ခေါင်းဆောင်မှုသည် အရေးကြီးပြီး ခေါင်းဆောင်မှုအင်္ဂါရပ်နှင့် ပြည့်စုံနေရမည်ဖြစ်သည်။ ထို့ပြင် ခေါင်းဆောင်သည် စည်းရုံးရေးမှူးကောင်းတစ်ယောက်ဖြစ်ရန်လိုပြီး မိမိလက်အောက်မှ ယုံကြည်မှု အပြည့်ဖြင့် လိုက်ပါလာအောင် စွမ်းဆောင်နိုင်ရမည်ဖြစ်သည်။

ခေါင်းဆောင်ကောင်းများဖြစ်ရန် အတွေးအခေါ်ကောင်းမွန်ရမည်ဖြစ်ပြီး အတွေးအခေါ်ကောင်းမွန်ရန် အသိပညာ၊ အတတ်ပညာပြည့်ဝရမည်ဖြစ်သည်။ စာအုပ်စာပေလှူ့မိတ်ဆွေဆိုသည့်အတိုင်း စာပေဖတ်ရှု လေ့လာမှုကို မပြတ်ပြုလုပ်နေရမည်ဖြစ်သည်။ မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းရှိရန်လိုပြီး သဘောထား ပြည့်ဝစွာဖြင့် မြော်မြင်ဆုံးဖြတ်တတ်ရန်လည်းလိုအပ်သည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့် မိမိ၏ လက်အောက်ကို အမြဲတမ်းကြည့်ရှု၍ ဆုံးမပဲ့ပြင်ပြောကြားပေးနေရမည်ဖြစ်သည်။ မိမိခေါင်းဆောင် သည့်အဖွဲ့အစည်းအား အမြဲစည်းလုံးညီညွတ်မှုရှိနေအောင် တည်ဆောက်ပေးရမည်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ကလောမြို့ရှိနယ်မြေခံသင်တန်းကျောင်းမှ နည်းပြအရာရှိကြီးများနှင့်သင်တန်းသားအရာရှိကြီးများအား မေလ ၂၀ ရက်နံနက်ပိုင်းက တွေ့ဆုံအမှာ စကားပြောကြားစဉ် **“မိမိတွင်ရှိသည့် လူ၊ ပစ္စည်း၊ မိမိသင်ကြားရသည့်စစ်ပညာ၊ လက်ဝယ်တွင်ရှိသည့် နည်းပညာများကိုကောင်းစွာအသုံးချပြီး စွမ်းရည်ထက်မြက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ ရှိသည့် စစ်လက်နက်ပစ္စည်းများကို ထိရောက်စွာအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ စစ်ရေးစွမ်းရည်တွင် လေ့ကျင့်ရေး သည်အဓိကကျသည်ကိုတွေ့ရပြီး စစ်ရေးစွမ်းရည်ထက်မြက်၍ တိုက်ပွဲတိုင်းအောင်မြင်ရေးအတွက် လေ့ကျင့်ရေးကိုဖိဖိစီးစီးလုပ်ရန်လိုကြောင်း၊ အလားတူ “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဆိုသည့် လေ့ကျင့်ရေး လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စစ်ပညာနှင့်ပတ်သက်ပြီး တာဝန်ရှိသူများ အနေဖြင့် အမြဲမပြတ်လေ့လာရန်လိုအပ်ပြီး ခေတ်မီတိုးတက်လာသည့် စစ်လက်နက်များ၊ ပြောင်းလဲလာသည့် စစ်နည်းဗျူဟာများအား လေ့လာဆည်းပူးသွားကြရန်လိုအပ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်အတွက်ကြီးမားလေးနက်သောတာဝန်များကို ထမ်းဆောင်နေရသည့် အဖွဲ့အစည်းဖြစ်သည်။ တပ်မတော်နှင့်ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၀ (က)တွင် “တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်း သော မျိုးချစ်တပ်မတော်ဖြစ်သည်။” ဟူ၍ ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တပ်မတော်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဟူသည့် စွမ်းရည်သုံးရပ်ထက်မြက်နေရမည်ဖြစ်သည်။ တပ်မှူး များသည် အုပ်ချုပ်ရေးအပိုင်းမှ လူမှုရေးကဏ္ဍများတွင် ဖခင်စိတ်ဓာတ်၊ ညီအစ်ကိုလိုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ရန်လိုသော်လည်း လုံခြုံရေးနှင့်စစ်ဆင်ရေးအပိုင်းများတွင် Commander စိတ်ဓာတ်ဖြင့် တွန်းတွန်း တိုက်တိုက်ဆောင်ရွက်ရမည်ဖြစ်သည်။

စစ်ရေးစွမ်းရည်ထက်မြက်ရေးအတွက် လေ့ကျင့်ရေးကို အလေးထားဆောင်ရွက်ပေးရမည်ဖြစ်သည်။ Format ပုံစံ၊ Drill ပုံစံများပေါ်တွင်အခြေခံကာ ခေါင်းဆောင်လုပ်သူ၏ ဥာဏ်ဖြင့်တိုက်ပွဲပုံစံကို ဖော်ဆောင် ရန်လိုသကဲ့သို့ လက်အောက်သို့လည်း အမြဲတမ်းသင်ကြားပေးရမည်ဖြစ်သည်။ အခြေခံလေ့ကျင့်ရေးမှ စကာ စစ်ရေးစစ်ရာနှင့်ပတ်သက်၍ သင်ကြားမှုတွင် Format,Drill,Concept စသည်တို့ကို အခြေခံရ အောင်သင်ပေးလိုက်ခြင်းဖြစ်သည်။ ကျင့်သားရအောင်လုပ်ဆောင်ပေးလိုက်သည့်အတွက် ယင်းတို့ကို အခြေခံ၍ စစ်မြေပြင်တွင် လက်တွေ့အခြေအနေနှင့်ကိုက်ညီသည့် လုပ်ဆောင်မှုများဖြင့် ဒွန်တွဲလုပ်ဆောင် သွားရမည်ဖြစ်သည်။ စစ်ရေးစွမ်းရည်ဆိုသည်မှာ တိုက်စွမ်းရည်ရှိသည့်တပ်မတော်၊ တိုက်စွမ်းအားရှိ သည့်တပ်မတော်ပင်ဖြစ်သည်။

တိုက်စွမ်းရည်ရှိရန် တပ်မှူးများက မိမိ၏တပ်ကိုလေ့ကျင့်ပေးနေရန်လိုအပ်သည်။ စစ်ရေးစွမ်းရည် ထက်မြက်ရန်အတွက် လူတစ်ဦးချင်းစွမ်းရည်များ ထက်မြက်ရန်၊ လက်နက်စွမ်းရည်များရှိရန်နှင့် လေ့ကျင့်သားပြည့်ဝရမည့်အပြင် စစ်နည်းဗျူဟာများကိုလည်း မှန်မှန်ကန်ကန်ကျင့်သုံးတတ်ရန်ဖြစ် သည်။ စွမ်းရည်ရှိသည့်တပ်မတော်တွင် စစ်ရေးစွမ်းရည်ပြည့်ဝသည့် တပ်မတော်သားကောင်းတစ်ယောက် ဖြစ်စေရန် အလေ့အကျင့်ကောင်းများရှိရမည့်အပြင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှု ရှိရန်လည်း လိုအပ်သည်။ တပ်မတော်သည် ပြည်သူလူထု၏အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားသည့် အတွက် ပြည်သူနှင့်ထိတွေ့ဆက်ဆံရာတွင် ပြဋ္ဌာန်းထားသည့် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် ပြည်သူ အပေါ်ပြုကျင့်ရမည့်ကျင့်ဝတ် ၁၀ ပါးနှင့်အညီ ပြုမူဆက်ဆံကြရမည်ဖြစ်သည်။ ပြည်သူလူထု၏အသက် အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်အနေဖြင့် ခေတ်မီတိုးတက်လာ သည့် စစ်လက်နက်များ၊ ပြောင်းလဲလာသည့် စစ်နည်းဗျူဟာများအား လေ့လာဆည်းပူးကြရန်ဖြစ်သည်။ သို့မှသာစွမ်းရည်သုံးရပ်ပြည့်ဝသည့် တပ်မတော်အဖြစ် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးပိုမိုသယ်ပိုးဆောင်ရွက် နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# မင်းဘူးမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်မည့် စီမံကိန်းကျေးရွာများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်

မင်းဘူး မေ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေ ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစေရန်နှင့် ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်မည့် စီမံကိန်းကျေးရွာ ငါးရွာသို့ ရန်ပုံငွေများလွှဲပြောင်း ပေးအပ်ပွဲကို မေလ ၂၉ ရက် နံနက်ပိုင်းတွင် ပိုက်သင် ကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ရွှေထွန်းက အဖွင့်အမှာစကားပြောကြားပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က စီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရခြင်းရည်ရွယ်ချက် နှင့် စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေး ကျေးရွာသူ၊ ကျေးရွာ သားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ရွှေထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ် စားလှယ် ဦးကျော်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ရက် ၁၀၀ စီမံချက်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် နန်းတော်ကုန်းကျေးရွာနှင့် ထိန်တော ကျေးရွာ လုပ်ငန်းအဖွဲ့များထံသို့ ငွေကျပ်သိန်း ၃၀၀၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် ကုန်းတန်းကျေးရွာနှင့် ကမ်းနီကျေးရွာ ကော်မတီဝင်များထံသို့ငွေကျပ်သိန်း ၁၅၀ နှင့်ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း ( RBF ) ဆောင်ရွက်မည့် ပိုက်သင်ကျေးရွာလုပ်ငန်း အဖွဲ့ထံသို့ ရန်ပုံငွေကျပ်သိန်း ၃၀၀ အား အသီးသီး လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**အညာသူ**

# အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မေ ၂၉

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီး ဌာနနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း (လယ်ဝေးမြို့နယ်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်းဆင်းပွဲ အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မေလ ၂၈ ရက် ညနေပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြား ရေးမှူး(သုတေသန)ဒေါ်ဆွေဆွေက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ပြည်သူလူထုအနေဖြင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အခြေခံအသိများရရှိ နိုင်စေရန်၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက် မှုဆိုင်ရာ အသိပညာများတိုးပွားလာစေရန်၊ မိမိတို့ ပတ်ဝန်းကျင်ရှိ အပင်များနှင့် မီးဖိုချောင်သုံးပစ္စည်း များ၏ ဆေးဖက်ဝင်ပုံများကို သိရှိနားလည်စေရန်နှင့် မိသားစုကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင် စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသဇင်မြင့်က သင်တန်းတက် ရောက်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါအခြေခံတိုင်းရင်းဆေးပညာပေးသင်တန်း တွင် သင်တန်းသား၊ သင်တန်းသူ ၃၂ ဦးတက်ရောက် ပြီး မြန်မာ့တိုင်းရင်းဆေးပညာသမိုင်း၊ တိုင်းရင်းဆေး ပညာအခြေခံသဘောတရားများ၊ နွေမိုးဆောင်းဥတု သုံးပါးတွင် ဖြစ်တတ်သောရောဂါငယ်များနှင့် မြန်မာ့ တိုင်းရင်းဆေးပညာကဏ္ဍ၊ တိုင်းရင်းဆေးကုဌာနသုံး ဆေးဖုံများအကြောင်းသိကောင်းစရာ၊ မီးဖိုချောင်သုံး ဆေးဖက်ဝင်ပစ္စည်းများအသုံးပြုပုံ၊ မိမိပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင်အပင်များအသုံးပြုပုံ၊ တိုင်းရင်းဆေးပညာ ဖြင့် ဆောင်ရန်၊ရှောင်ရန်၊ သတိပြုရန်နည်းလမ်းများ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက် များ စသည့်ဘာသာရပ်များကို သင်တန်းနည်းပြများက မေလ ၂၅ ရက်မှ ၂၈ ရက်ထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၂၆(စနေနေ့)

| | |
|---|---|
| ၁။ ၀၆:၀၃ တရားတော် | ၈။ ၁၄:၄၅ တစ်ချိန်ကသူတို့အကြောင်း |
| ၂။ ၀၈:၄၀ မောင်မယ်လေးများသိစေချင် | ၉။ ၁၅:၁၅ ခရီးလည်းသွားစကားလည်းဆို |
| ၃။ ၀၉:၂၀ လူတိုင်းကျန်းမာသိမှတ်စရာ | ၁၀။ ၁၅:၅၀ ဇာတ်လမ်းတို |
| ၄။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း | ၁၁။ ၁၆:၅၅ မျိုးချစ်တပ်မတော် |
| ၅။ ၁၁:၁၅ ပြည်သူ့ကြားက ပြည်သူ့စကား | ၁၂။ ၁၇:၃၀ မြန်မာသံစဉ်ချိုနားဝင် |
| ၆။ ၁၃:၂၅ မြတ်ဗုဒ္ဓ၏သာသနာ | ၁၃။ ၁၉:၀၀ CGTN NATURE (27) |
| ၇။ ၁၄:၁၅ ကျန်းမာသုတ | ၁၄။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။


**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ် မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ပြန်ဆိုဖြေဆိုတော်မူခဲ့ကြပြီး အောင်မြင်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များနှင့်တကွ ချီးကျူးပူဇော်ပွဲသို့ လာရောက်ဖူးမြော်ပူဇော်ကြသည့် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား အသက်ထက်ဆုံး အောက်မေ့ဖွယ်အမှတ်ရဖွယ်ဖြစ်သော သာရဏီယဩဝါဒကထာမြွက်ကြားလိုသည်မှာ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်သည်–



**"ကေပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ကတမော ဧကပုဂ္ဂလော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ"**အစရှိသည်ဖြင့် အင်္ဂုတ္တိုရ် ပထမတွဲ၊ ဧကပုဂ္ဂလဝဂ်၊ စာမျက်နှာ(၂၁)၌ မိန့်ကြားတော်မူပါတယ်။

ရဟန်းတို့လောက၌ တစ်ဦးတည်းသောပုဂ္ဂိုလ်ဖြစ်ပေါ်လာသည်ရှိသော် လူအများအစီးအပွားအလို့ငှာ၊ လူအများချမ်းသာခြင်းငှာ၊ လောကကိုအစဉ်သနားစောင့်ရှောက်ခြင်းငှာ၊ နတ်လူတို့၏ အကျိုးများရန် အစီးအပွားများရန်ချမ်းသာဖို့ရန်အလို့ငှာဖြစ်တော်မူ၏။ တစ်ဦးတည်းသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ ပူဇော်အထူးကိုခံယူတော်မူထိုက်သော အလုံးစုံသောတရားတို့ကို မဖောက်မပြန်ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားပင်တည်း။

ဤလောကလူသား လူအများသည် ဆင်းရဲကို ဆင်းရဲမှန်းမသိ၊ ဆင်းရဲကြောင်းအလုပ်များကို လုပ်ကိုင်ဆောင်ရွက်နေကြသော်လည်း ဆင်းရဲကြောင်းအလုပ်များပဲဟု မသိမမြင်ကြပေ။ ကုသိုလ် အကုသိုလ်ဟူ၍လည်း မကွဲပြား မသိမမြင်နိုင်ကြပေ။ လောကကြီးသည် မောဟအမှောင်ဖုံးနေသော အမိုက်တိုက်လောကကြီးဖြစ်ပါသည်။ အဝိဇ္ဇာအမှောင်ထုကြီးဖုံးလွှမ်းနေသောလောကကြီးထဲတွင်မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်လာသဖြင့်သာ ဤတရားက အပြစ်မရှိ ချမ်းသာသောအကျိုးတရားကို ပေးခြင်းလက္ခဏာရှိသောကုသိုလ်တရားပဲ၊ ဤတရားက အပြစ်နှင့်တကွဖြစ်ပြီး ဆင်းရဲသောအကျိုးကိုပေးခြင်းလက္ခဏာရှိသော အကုသိုလ်တရားပဲ၊ ဤတရားက ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာရန် တရားပဲ စသည်ဖြင့်ဟောကြားတော်မူခဲ့ပါတယ်။

ထို့ပြင်လည်း ဤသဘောတရားများသည် ဧကန်စင်စစ် ဆင်းရဲသောတရား **"ဒုက္ခသစ္စာ"**ပဲ၊ **ဤသဘောတရားသည် ဆင်းရဲကြောင်း အမှန်တရား "သမုဒယသစ္စာ"**ပဲ၊ ဤသဘောတရားသည် ဆင်းရဲချုပ်ရာ ချမ်းသာမှန်တရား **"နိရောဓသစ္စာ"**ပဲ၊ ဤသဘောတရားသည် ဆင်းရဲချုပ်ရာ ချမ်းသာသို့ ဆိုက်ရောက်စေနိုင်သော အမှန်တရား **"မဂ္ဂသစ္စာ"**ပဲ စသည်ဖြင့် သစ္စာလေးပါးတရားတော်တို့ကိုလည်း ဟောကြားတော်မူခဲ့ပါတယ်။ ဤသစ္စာလေးပါးတရားတော်တို့ကို ဟောကြားတော်မူလိုက်သောအခါ အချို့သောဝေနေယျသတ္တဝါများ အဝိဇ္ဇာအမှောင် လုံးဝကင်းရှင်းပြီး ဝိဇ္ဇာအလင်းရောင် ကောင်းကောင်းရရှိသွားကြပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းဟာ နေမင်းကြီး၊ လမင်းကြီး ထွက်ပေါ်လာသကဲ့သို့ ဖြစ်ပြီး ကြာမြင့်စွာသောကာလပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါအများ စီးပွားချမ်းသာဖို့ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားဒေသနာတော်များကို ရတနာခြင်းတောင်းသုံးမျိုးထဲသို့ သဘောတူရာစုပေါင်းထည့်လိုက်လျှင် ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋကဟူ၍ ပိဋကသုံးပုံဖြစ်လာပါတယ်၊ သုံးပုံပိဋက တရားဒေသနာတော်မြတ်များကို သင်ကြားပို့ချပေးခြင်း၊ သင်ယူမှတ်သားခြင်းတို့ကို ပရိယတ္တိဟုခေါ်ပါတယ်။ ပရိယတ္တိတရားတော်များသည် ရှောင်ကြဉ်ဖို့၊ ကျင့်ကြံဖို့၊ နှလုံးသွင်းသိရှိဖို့ကို ညွှန်ကြားတော်မူပါတယ်၊ ထိုပရိယတ္တိတရားဒေသနာတော်များက ညွှန်ကြားသည့်အတိုင်း လိုက်နာကျင့်ကြံပွားများအားထုတ်ခြင်းကို ပဋိပတ္တိလို့ ခေါ်ပါတယ်။ ပဋိပတ္တိအစွမ်းကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် စသော အသိထူးများရရှိခြင်းကို ပဋိဝေဓလို့ခေါ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ်တို့တွင် ပရိယတ္တိသည် အခြေခံမူလ ပဓာနကျပါတယ်။ သစ်ပင်ကြီးတစ်ပင်မှာ ရေသောက်မြစ်ရှိမှသာ ပင်စည်၊ အကိုင်းအခက်တွေ ကြာရှည်စွာ တည်တံ့နေမည်ဖြစ်ပါတယ်။ ရေသောက်မြစ်မရှိလျှင် ကြာရှည်စွာတည်တံ့မနေနိုင်ပေ။ အပွင့်၊ အသီးများလည်း ဖူးပွင့်ဝေဆာမဖူးနိုင်၊ မပွင့်နိုင်၊ မသီးနိုင်ကြသကဲ့သို့ ထိုနည်းတူစွာပင် သာသနာတော်သုံးရပ်၌လည်း ပရိယတ္တိမှမရှိလျှင် ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတို့သည်လည်း မတည်ရှိနိုင်တော့ပေ။


ရေကန်ကြီးဥပမာနှင့်ပြောရလျှင် ရေကန်ကြီးမှာ ကန်ပေါင် ကန်ရိုးသာမရှိလျှင် ရေကန်ထဲ၌ ရေတွေ၊ ကြာပင်တွေ ကြာရှည်စွာမတည်နိုင်ပေ၊ ရေမရှိလျှင်လည်း ကြာပင်များ မပေါက်ရောက်နိုင်ပေ။

ထိုဥပမာအတိုင်းပင် ပရိယတ္တိသည် ကန်ပေါင်ကန်ရိုးနှင့်တူပါသည်။ ပဋိပတ္တိသည် ရေနှင့်တူပါသည်။ ပဋိဝေဓသည် ကြာပင်၊ ကြာပွင့်များနှင့်တူပါသည်။ ထို့ကြောင့်ပဋိပတ္တိဟူသောရေကြည်ရေအေး၊ ပဋိဝေဓဟူသော ကြာပင်ကြာပွင့်များနှင့် လှပတင့်တယ်စွာရှိဖို့ဆိုသည်မှာ ပရိယတ္တိဟူသော ကန်ပေါင်ကန်ရိုးကြီး ခိုင်ခိုင်ခံ့ခံ့ ရှိဖို့လိုအပ်ပါတယ်။ ကန်ပေါင်ကန်ရိုးကြီးကတော့ ခိုင်ခိုင်ခံ့ခံ့ရှိပါ၏။ သို့သော် ကန်ထဲ၌ ရေလည်းမရှိ၊ ကြာလည်းမရှိလျှင် ခြောက်သွေ့နေသည့် ကန်ကြီးသည် တင့်တယ်မှုမရှိသဖြင့် မည်သူမည်ဝါမျှ စိတ်ဝင်စားမှုမရှိ၊ ရေကိုလည်းမသောက်ရ မချိုးရသဖြင့် ဘာမျှအကျိုးမရှိတော့ပါ။ ထို့အတူ ကန်ပေါင်ရိုးနှင့်တူသည့် ပရိယတ္တိတစ်ခုတည်းသာ ရှိမည်ဆိုပါကလည်း ပဋိပတ္တိဟူသော သာသနာ့အရသာဖြစ်သည့်ရေကြည်ရေအေးလည်း မသောက်ရ၊ ပဋိဝေဓဟူသော ကြာဖူး၊ ကြာပန်းများလည်းမပွင့်နိုင်သဖြင့် သာသနာတော်ကြီးသည် တင့်တယ်လှပမည် မဟုတ်ပါ။

ဒါကြောင့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ပြန်ဆိုဖြေဆိုတော်မူခဲ့ကြပြီး အောင်မြင်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား ရေတွေတည်တံ့ဖို့၊ ကန်ပေါင်ရိုးကြီးကို ခိုင်ခိုင်ခံ့ခံ့ရှိအောင် ကြိုးစားအားထုတ်တော်မူကြခြင်းဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့က ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါတယ်။ ရေကန်ကြီးထဲမှာ ရေတွေရှိအောင် ကြာပင်၊ ကြာပန်းများနှင့် လှပတင့်တယ်မှုရှိအောင် ဆက်လက်၍ကြိုးစားအားထုတ်ကြဖို့လည်း သတိပေးစကားပြောကြားလိုပါတယ်။

သာသနာတော်ကို စောင့်ရှောက်ထောက်ပံ့နေကြသည့် နိုင်ငံတော်အစိုးရနှင့်တကွ ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဥယျာဉ်မှူးနှင့်တူပါတယ်။ ဥယျာဉ်မှူးသည် သစ်ပင်များကို ရေမလောင်း ပေါင်းမသင်ဘဲထားလျှင်သစ်ပင်များဟာ ညှိုးနွမ်းခြောက်သွေ့ပြီး ရေတွေများစွာလောင်းပြန်လျှင်လည်း စိမ့်ဖမ်းပြီး သစ်ပင်သည် သေသွားနိုင်ပါတယ်။ ထိုနည်းတူစွာပင် သာသနာတော်ကို စောင့်ရှောက်ထောက်ပံ့ရာမှာ ရေပြတ်နေသည့်သစ်ပင်များလိုလည်း မဖြစ်ရအောင်၊ ရေတွေများပြီး စိမ့်ဖမ်းလို့ သေသွားသည့်သစ်ပင်များလိုလည်း မဖြစ်ကြရလေအောင်ပြုစုစောင့်ရှောက်ထောက်ပံ့ပါက သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့ကာ ဆရာဒကာနှစ်ဖြာစလုံး ဆင်းရဲဆုံးရာ ချမ်းသာအမှန် မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြောင်း၊ ဆိုက်ရောက်နိုင်ကြပါစေလို့လည်း ဆုတောင်းပတ္ထနာပြုရင်း သာရဏီယဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ . . .။

## တိုင်းဒေသကြီးနှင့်ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၂၉**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ်စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအနေဖြင့် လိုအပ်ချက်များ၊ ပံ့ပိုးဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၂၉ ဦးနှင့် ချင်းပြည်နယ်မှ လူမှုရေးရာဝန်ကြီးတို့က တိုင်းဒေသကြီးနှင့်ပြည်နယ် ညွှန်ကြားရေးမှူးရုံးများနှင့် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ တည်ဆောက်ဖွင့်လှစ်ခြင်းကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာ သဘောထားမှတ်ချက်ပြန်ကြားခြင်းကိစ္စရပ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား ထောက်ပံ့ငွေပေးအပ်ခြင်းကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးစုအချင်းချင်း ရိုးရာယဉ်ကျေးမှုများ နီးနှောဖလှယ်နိုင်ရေးအတွက် အပြန်အလှန် လေ့လာရေးခရီးစဉ်များ၊ တိုင်းရင်းသားဘာသာစာပေသင်ဆရာ၊ ဆရာမ (Teaching Assistant – TA၊ Language Teacher – LT) များ ခန့်ထားခြင်းကိစ္စရပ်များ၊ ဝန်ကြီးဌာန၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

**၂၉-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏**ဈေးနှုန်း**မှာ (၇,၀၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကမ္မဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

အသန့်ကလေးအား ညီမထွေးသဖွယ် စိတ်ကအမြဲထားနေသော်လည်း တစ်နေ့တစ်နေ့တွင် နီးစပ်နေကြပြန်ခြင်းကမူ ကျွန်ုပ်၏အချစ်စိတ်ကို လှုံ့ဆော်၍နေပါပေသည်။ သို့သော် ကျွန်ုပ်ဘဝ၏ရည်ရွယ်ချက် လက်စားချေရန် သန္နိဋ္ဌာန်ကြီးရှိ၍နေ၏။ ထိုရည်ရွယ်ချက်အောင်မြင်စေရန်မှာ မည်မျှကြာအောင် ကြိုးပမ်းရဦးမည်ဟု မသိဘဲရှိလေသေးရာ အိမ်ထောင်နှောင်ကွင်းထဲသို့ ဆင်းသည်ထက် တစ်ကိုယ်တည်း လွတ်လပ်စွာနေထိုင်ခြင်းက ပိုမို၍ အကြံအဖန်များတွင် ပေါက်မြောက်လွယ်မည်ဟုလည်း တထစ်ချယူဆထား၏။ ထို့ကြောင့်ပင် ကျွန်ုပ်သည် ချစ်ချင်သလိုလိုဖြစ်မိသော်လည်း အကြောင်းကြောင်းကို ထောက်ထား၍ အချစ်ကိုအားမပေးဘဲနေခဲ့ပေတော့သည်။

သို့နေထိုင်ရင်းက ကျွန်ုပ်သည် အဘိုးတို့ ဆွေမျိုးသိုက်မြုံတစ်အုံလုံး၏ သတင်းများကို စနည်းနာ၏။ ကျွန်ုပ်၏မိတ်ဆွေ မြေတိုင်းကျောင်းသားတစ်ဦးမှာ အဘိုးတို့မြို့၌ ပြန်၍အမှုထမ်းရလေရာ အဘိုးတို့၌သတင်းဖြစ်လောက်သော ကိစ္စတစ်ခုခု ပေါ်ပေါက်ပါက ကျွန်ုပ်ထံသို့ စာရေးအကြောင်းကြားလေ့ရှိ၏။ ထို့ကြောင့် ကျွန်ုပ်သည် အဘိုးတို့ဉာတိတစ်သိုက် မည်ကဲ့သို့ဖြစ်ပျက်နေသမျှကို တစ်စမကျန် အားလုံးလိုလိုပင်သိရပေသည်။ သိရသမျှ အကြောင်းတို့ကို နောင်အကွက်ဆိုက်သောအခါတိုင်း သီးခြား၍ဖော်ပြသွားပေမည်။ ယခုလောလောဆယ်၌ကား အသန့်၏အကြောင်းသာ ရေးလိုနေပေသည်။

ယခင် ၁၂ နှစ်ကတည်းက အမြစ်တွယ်မှန်းမသိတွယ်ခဲ့သော ကျွန်ုပ်၏အချစ်သည် တွန်းကန်ငြင်းဆန်ရင်းကပင် မတွန်းသာ မကန်သာဘဲ အသန့်အား အတွင်းကျိတ်စုံမက်မိသောစိတ်အဖြစ်သို့ တဖြည်းဖြည်းကူးပြောင်းလာ၏။ စာရေးဆရာမဟုတ်သဖြင့် ကျွန်ုပ် ထင်ရှားပေါ်လွင်အောင်ကား မရေးတတ်။ အသန့်ကို ဘယ်အချိန်ကမှန်းမသိ ကျေးဇူးသစ္စာကို စောင့်ရှောက်ရမည်ဟု သတိထားရင်းကပင် ချစ်မှန်းမသိချစ်မိနေသည်မှာ အသန့်အတွက် ကိစ္စကြီးတစ်ခုပေါ်၍လာသော အခါမှသာ ထင်ထင်ရှားရှားသိရပေတော့သည်။ ထိုကိစ္စကြီးမှာကား

ကျွန်ုပ်သည် မြေတိုင်းကိစ္စနှင့် သုံးလကျော်မျှ ကွင်းဆင်းသွားလာနေရပြီးနောက် အိမ်သို့ပြန်ခဲ့သည့်နေ့တစ်နေ့တွင် ကျွန်ုပ်အား ကျေးဇူးရှင်လင်မယားတို့က လှမ်း၍ခေါ်လိုက်သဖြင့် သူတို့၏အိမ်ဘက်သို့ကူးခဲ့၏။ ရောက်သောအခါတွင် "မောင်ကံကောင်းကို မင့်နှမနဲ့ပတ်သက်ပြီး တိုင်ပင်စရာရှိလို့ပဲကွဲ့" ဟု စကားဦး ချီလိုက်သဖြင့် ကျွန်ုပ်လည်း ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားရကာ နားစွင့်၍နေရပေသည်။ ကျွန်ုပ်ကို များ အသန့်နှင့် နေရာချထားဖို့ ပြောကြလေမည်လား။ မွေးကင်းစကတည်းက အတူတူနေခဲ့သည်သာများသောကြောင့် ကျေးဇူးရှင်များသည် အသန့်အား ကျွန်ုပ်နှင့်ဆိုလျှင် စိတ်ချလောက်သည်ဟု ယူဆကြလေသလား ...။ တစ်ဦးနှင့်တစ်ဦး အတွင်းအပြင် သဘောအစုံအလင်ကို သိကြပြီးဖြစ်သဖြင့် ကျေးဇူးရှင်များသည် ကျွန်ုပ်အား အသန့်၏အိမ်ထောင်ဖက် အဖြစ်ဖြင့် ရွေးချယ်လိုက်ကြလေပြီလား စသော လားပေါင်းများစွာတို့ ခေါင်းထဲသို့ ရောက်လာကြ၏။ နားစွင့်နေရစဉ်ပင် ကျေးဇူးရှင်တို့က ...

**"ကျေးဇူးရှင်များ၏ စကားအလာကိုထောက်လိုက်ပါက ကျွန်ုပ်အားတိုင်ပင်သည်မှာ သားအကြီးအဖြစ်ဖြင့် တိုင်ပင်သည်ထက် သမက်လောင်းအဖြစ်ကို ရည်မှန်းကာ တိုင်ပင်ကြောင်း ပေါ်လွင်ထင်ရှားနေ၏။ အကယ်၍ ကျွန်ုပ်ကသာ "အသန့်ကို ကျွန်တော်ငယ်ငယ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာလက်စနဲ့ တစ်သက်လုံး ဆက်ပြီးတော့စောင့်ရှောက်ပါရစေတော့" ဟု ပြောချလိုက်လျှင် ကျေးဇူးရှင်များက ငြင်းမည်မဟုတ်၊ ကျွန်ုပ်အတပ်သိ၏။ ကျွန်ုပ်၏သဘောကို ယခုမေးနေကြသည်မှာ အသန့်ကို မောင်စိန်မောင်နှင့် အိမ်ထောင်ချပေးသင့်၊ မပေးသင့်ထက် အသန့်ကို မောင်ကံကောင်းကိုယ်တိုင်စောင့်ရှောက်ချင်သလား၊ စောင့်ရှောက်နိုင်ပါသလားဟုမေးသောမေးခွန်းက ပို၍နေပေသည် . . ."**

"ဒီလိုကွဲ့ မောင်ကံကောင်းရဲ့၊ ဒီနှစ်သင်္ကြန်မှာ တို့မြို့ကလေးကို လာပြီး ရေကစားတဲ့ ရန်ကုန်က မောင်စိန်မောင်ဆိုတဲ့ သူငယ်က အသန့်ကို မေတ္တာရှိလှပါချည်ရဲ့ဆိုပြီး သူ့မိဘတွေကို ပူဆာတာနဲ့ပဲ မောင်ကံကောင်း ကွင်းဆင်းနေတုန်းက တို့ဆီကိုလာပြီး သူ့မိဘများက ကြောင်းလမ်းကြသကွဲ့၊ မောင်စိန်မောင်လည်း ပါလာတယ်၊ သူတို့က ရန်ကုန်ကပဲ၊ ခနောင်တိုဘက်မှာ ဆန်စက်တွေပိုင်တယ်၊ တော်တော်လည်း ချမ်းသာကြတယ်။ ရည်ရည်မွန်မွန်လည်းရှိကြတယ်၊ သူငယ်ကလေးကလည်း အသန့်ထက် တစ်နှစ်ကြီးတယ်၊ ကောလိပ်ကျောင်းမှာ စာသင်နေတယ်။ လာပြီးတော့ အဲဒီလိုတောင်းရမ်းရာမှာ သူတို့က အသန့်အတွက် စိန်တစ်ဆင်စာနဲ့ ဆန်စက်တစ်လုံး လက်ဖွဲ့ပါမယ်လို့ပြောကြတယ်။ သားသမီးဆိုရင်လည်း မောင်စိန်မောင်တစ်ယောက်တည်း တစ်ဦးတည်းသောသားပဲ၊ တို့ကလည်း ငြင်းစရာတော့ မရှိပါဘူး။ ဒါပေမဲ့ သမီးကို မေးပါရစေဦးလို့ပြောပြီး အချိန်ဆွဲလိုက်ရတယ်။ အဲဒါ မောင်ကံကောင်း ဘယ်လိုသဘောရသလဲ၊ အသန့်ကတော့ သူ့ကိုယ်သူ ငယ်ပါသေးတယ်လို့ပြောနေတယ်၊ နို့ပေမဲ့ ၁၉ နှစ်ရှိသွားပြီ မောင်ကံကောင်း မငယ်တော့ဘူး။ တို့လည်း သူ့အတွက် စိတ်ချလက်ချဖြစ်သွားချင်ပြီ။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ပြီး အရွယ်ကလေးကောင်းတုန်းမှာ နေရာချလိုက်ချင်တာပဲ၊ နောက်ဆိုရင် ဝါးလုံးနင်းမိတုံ၊ ဝါးခြမ်းနင်းမိတုံ စိုးရိမ်မိတယ်။ ဒါပေမဲ့ မောင်ကံကောင်းကတော့ တို့အဖို့မှာ သားကြီးလိုဖြစ်နေလေတော့ မင့်ကို တိုင်ပင်ချင်တာကလည်းတစ်ကြောင်းမို့ မောင်စိန်မောင်ရဲ့မိဘတွေကို အချိန်ဆွဲထားလိုက်ရတယ်။ မောင်ကံကောင်းစိတ်မှာ ကောင်းမယ်ထင်သလား၊ မောင်ကံကောင်းကို တိုင်ပင်ဖို့ဝတ္တရားတို့မှာရှိနေတယ်၊ ဒီတော့ ဒီကိစ္စမှာ မောင်ကံကောင်း ဘယ်လိုသဘောရတယ်ဆိုတာကို တို့သိချင်တာပဲ"ဟု ပြောပြကြ၏။ မောင်စိန်မောင်ဆိုသူ၏ ဓာတ်ပုံကိုလည်းပြကြ၏။ ကျွန်ုပ်ကား ရုတ်တရက်ရင်ထဲ၌ ဟာတာတာကြီးဖြစ်၍ သွားရပေတော့သည်။ ကျွန်ုပ်အတွင်းကျိတ်မြတ်နိုးလျက်ရှိသူကလေးမှာ အိမ်ထောင်ဖက်လောင်းများပေါ်ပေါက်၍ လာလေပြီ ...

ကျေးဇူးရှင်များ၏ စကားအလာကို ထောက်လိုက်ပါက ကျွန်ုပ်အားတိုင်ပင်သည်မှာ သားအကြီးအဖြစ်ဖြင့် တိုင်ပင်သည်ထက် သမက်လောင်းအဖြစ်ကို ရည်မှန်းကာ တိုင်ပင်ကြောင်း ပေါ်လွင်ထင်ရှားနေ၏။ အကယ်၍ ကျွန်ုပ်ကသာ "အသန့်ကို ကျွန်တော်ငယ်ငယ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာလက်စနဲ့ တစ်သက်လုံး ဆက်ပြီးတော့စောင့်ရှောက်ပါရစေတော့"ဟု ပြောချလိုက်လျှင် ကျေးဇူးရှင်များက ငြင်းမည်မဟုတ်၊ ကျွန်ုပ် အတပ်သိ၏။ ကျွန်ုပ်၏သဘောကို ယခုမေးနေကြသည်မှာ အသန့်ကို မောင်စိန်မောင်နှင့် အိမ်ထောင်ချပေးသင့်၊ မပေးသင့်ထက် အသန့်ကို မောင်ကံကောင်းကိုယ်တိုင် စောင့်ရှောက်ချင်သလား၊ စောင့်ရှောက်နိုင်ပါသလားဟုမေးသောမေးခွန်းက ပို၍နေပေသည်။

ကျွန်ုပ်တွင် များစွာအဖြေရခက်၍နေ၏။ အသန့်အား အိမ်တစ်ဆောင် မီးတပြောင်နှင့်ထားနိုင်သောအင်အား ကျွန်ုပ်၌ရှိ၍နေပေပြီ၊ အသန့်ကိုလည်း ကျွန်ုပ်မြတ်နိုး၏။ အသန့်အား ကျွန်ုပ်၏အချစ်မေတ္တာကိုပေးပါက အသန့်သည် ငြင်းဆန်လိမ့်မည်မဟုတ်။ သို့သော်... ထို (သို့သော်) မှာ ကြီးမားသော သို့သော်ကြီးဖြစ်၏။

ကျွန်ုပ်တွင် လက်စားချေရန် သန္နိဋ္ဌာန်ကြီးရှိသည်က တစ်ဖက်ဖြစ်၏။ ယခုလာရောက်စပ်ဟပ်သော မောင်စိန်မောင်ဆိုသူမှာ ဓာတ်ပုံကိုကြည့်ရခြင်းအားဖြင့် လူကောင်းတစ်ယောက် ဖြစ်ပုံပေါ်၏။ ရုပ်ရည်လည်း သင့်တင့်ပေသည်။ ထို့ပြင် ကောလိပ်ကျောင်းသားလည်း ဖြစ်သေးရာ ရာထူးရာခံကြီးများရမည့် လမ်းစရှိသူလည်းဖြစ်၏။ ရာထူးရာခံမလုပ်ချင်သည့်တိုင်အောင် ပူစရာမရှိ၊ မိဘကလည်း ချမ်းသာသည်။ ပို၍ထူးသည်ကား အသန့်သာ မောင်စိန်မောင်နှင့်လက်ထပ်ပါက ချက်ချင်း စိန်တဝင်းဝင်းနှင့် ဆန်စက်ပိုင်သူဌေးမကလေး ဖြစ်ပေတော့မည်။ ဤသို့ချက်ချင်း ဂုဏ်အင်္ဂါကြီးမြောက်သွားမည့် အချက်ကြီးကလည်းရှိ၏။ ကျွန်ုပ်ကိုသာ အသန့်ယူပါလျှင် ဤမျှဂုဏ်ကြီးမြင့်မည် မဟုတ်ပေ။ ဤဘက်ကကြည့်လျှင်လည်း အသန့်၏ ကြီးပွားမှုလမ်းကိုပိတ်ပင်ရန် ကျွန်ုပ်၌မသင့်။ ကျွန်ုပ်အဖို့ကား လက်စားချေရာ၌ ကိစ္စမအောင် ခြေချော်လက်ချော်ရှိပါက မည်သို့ဖြစ်ဦးမည်မသိရ၊ ကျွန်ုပ်၏နောင်ရေးမှာ မသေချာပေ၊ ကျွန်ုပ် တစ်စုံတစ်ခုဒုက္ခတွေ့ခဲ့သော် ထိုဒုက္ခထဲသို့ အသန့်အားဆွဲ၍ နစ်သည်နှင့်တူလေဦးမည်။ **ဆက်လက်ဖော်ပြပါမည်။**

## ငါးမဖမ်းရ ရာသီပိတ်ကာလအတွင်း ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲ ကျင်းပ



ရန်ကုန် မေ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၂၅ - ၂၀၂၆ ငါးမဖမ်းရ ရာသီပိတ်ကာလအတွင်း ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်း(၁/၂၀၂၆) ဖွင့်ပွဲကို မေလ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ် ငါးလုပ်ငန်းသင်တန်းကျောင်း(ကြို့ကုန်း)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသံချောင်းက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် နည်းပြများက မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် ပင်လယ်ငါးဖမ်းရေလုပ်သားများလုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရန် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေးဆိုင်ရာများ၊ ငါးဖမ်းလှေနှင့် ငါးချဆိပ်ကမ်းများတွင် ငါး/ပုစွန်များ ကိုင်တွယ်ထိန်းသိမ်းသိုလှောင်ခြင်းနည်းလမ်းများ၊ ရှေးဦးသူနာပြုစုနည်းနှင့် မီးဘေးအန္တရာယ်အကြောင်း သိကောင်းစရာဘာသာရပ်များကို သင်တန်းသား ၄၀ ဦးအား မေလ ၂၉ ရက်မှ ဇွန်လ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသံချောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး၊ ကမ်းဝေးရေယာဉ်ပိုင်ရှင်များနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

⊃ ရှေ့ဖုံးမှအဆက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ပုစ္ဆကအကူဆရာတော်များနှင့် ကြီးကြပ်ရေးဆရာတော်များ၊ (၇၈)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင်အာဂုံသဘောရေးဖြေအောင်မြင်တော်မူကြသည့် သာသနဒါယာဇ်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာသက်ခိုင်ဝင်း၊ ဦးထိန်လင်း၊ ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီးအမှူးပြုသောဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။ **(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၏သာရဏီယဩဝါဒကထာကို စာမျက်နှာ(၃)တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ဆက်လက်၍ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင် ဝိစိတ္တသာရနှင့် မူလအာဘိဓမ္မိကဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဂန္ဓမာတို့အား ဒုတိယသမ္မတ ဦးညိုစောက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မူလအာဘိဓမ္မိကဘွဲ့တံဆိပ်တော်ရသာသနဒါယာဇ်အရှင်မြတ်၂ပါး၊ ဒီဃနိကာယကောဝိဒဘွဲ့ ဘွဲ့တံဆိပ်တော်ရ သာသနဒါယာဒ်အရှင်မြတ် ၃ ပါး၊ ဒီဃဘာဏကဘွဲ့တံဆိပ်တော်ရသာသနဒါယာဒ်အရှင်မြတ်၁ပါး၊ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဒါယာဒ်အရှင်မြတ်၇ပါး၊ ဝိနယဓရဘွဲ့တံဆိပ်တော်ရ သာသနဒါယာဒ်အရှင်မြတ် ၂၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဒါယာဒ်အရှင်မြတ် ၁၁ ပါး၊ ဥဘတောဝိဘင်္ဂဓရဘွဲ့ တံဆိပ်တော်ရ သာသနဒါယာဒ် အရှင်မြတ် ၄၆ ပါး တို့အား ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ဒုတိယသမ္မတနှင့်ဇနီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီး၊ ဧည့်ပရိသတ်များနှင့် အလှူရှင်များက တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဒါယာဒ်အရှင်သူမြတ်တို့အား ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြပြီး လိုဏ်ဂူတော် ပရိဝုဏ်အတွင်း ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင် အကြောင်းအရာများနှင့် ယနေ့ခေတ်သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်ပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီအထူး ဉာဏ်ပညာအထူးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကိုဖော်ထုတ်ရေး၊ ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေးနှင့် သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကသုံးပုံနှုတ်ငုံဆောင် ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ပူဇော်ရေးတို့ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ စာမေးပွဲကြီးစတင်ကျင်းပသည့်(၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်မှစ၍ ၂၀၂၆ ခုနှစ်အတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဒါယာဒ်အရှင်သူမြတ်များ ထူးခြားစွာပေါ်ထွန်းခဲ့ရာ ယခု (၇၈) ကြိမ်မြောက်တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင်ပေါ်ထွန်းလာသည့် အရှင်ဝိစိတ္တသာရ အရှင်သူမြတ်မှာ ၁၈ ပါး မြောက် သာသနဒါယာဒ်ဖြစ်ကြောင်းနှင့် တိပိဋကဓရ တိပိဋကကောဝိဒ သာသနဒါယာဒ် အရှင်သူမြတ်များ ဆက်လက်ပေါ်ထွန်းလာဦးမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# ကမ္ဘာလုံးဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်ဖွံ့ဖြိုးရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တက်ရောက်ဆွေးနွေး






နေပြည်တော် မေ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန (Ministry of Agriculture and Rural Affairs–MARA) ကကြီးမှူး၍ ကမ္ဘာလုံးဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ် (GPPAD Forum)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ မေလ ၂၇ ရက်မှ ၂၈ ရက်အထိ Beijing International Convention Center တွင်ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါကမ္ဘာလုံးဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ် (GPPAD Forum)သို့ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် Liu Guozhong နှင့် ပါတီအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Agriculture and Rural Affairs မှ ဝန်ကြီး H.E Mr. ZHANG Zhu၊ ကမ္ဘောဒီးယား၊ ကိုလံဘီယာ၊ လိုက်ဘေးရီးယား၊ မွန်ဂိုလီးယား၊ မိုဇမ်ဘစ်၊ ဘရာဇီး၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ တောင်အာဖရိက၊ ဥဇဘက်ကစ္စတန်၊ အိုင်ဗရီကို့စ်တို့အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၅၄ နိုင်ငံမှ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များနှင့် ဖိတ်ကြားထားသောကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆင်းရဲမှုလျှော့ချရေးဗဟိုဌာန(IPRCC)မှ ကိုယ်စားလှယ်များ၊ UN အဖွဲ့အစည်းကိုးခုမှ ကိုယ်စားလှယ်များနှင့် တရုတ်နိုင်ငံ တက္ကသိုလ်တို့မှ ပါမောက္ခများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် Liu Guozhong က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ကြသည်။

ထို့နောက်ပထမအကြိမ်ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့မိတ်ဖက်အဖွဲ့အစည်းကော်မတီအစည်းအဝေးကို ကျင်းပရာ "ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်း" (Global Partnership for Poverty Reduction and Development Alliance)ကို တရားဝင်တည်ထောင်ကြောင်း ကြေညာခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်းတည်ထောင်ရခြင်းရည်ရွယ်ချက်မှာ အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းအကျိုးရှိရေးကို အခြေခံကာ ဆင်းရဲမှုလျှော့ချရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ကျေးလက်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့တွင် အတွေ့အကြုံဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပြီး အဆိုပါအစည်းအဝေးတွင် GPPAD Charter ၊ ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ရွေးချယ်ခြင်း၊ GPPAD Action Plan တို့ကို အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဖိုရမ်အား ခေါင်းစဉ်လေးခုခွဲ၍ Parallel Sessions ကျင်းပခဲ့ရာ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ကိုယ်စားလှယ်များက အုပ်စုခွဲ၍ ခေါင်းစဉ်အသီးသီးဖြင့် မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက Sub–Forum 3: Social Equity and Inclusive Development ကဏ္ဍ၌ မိန့်ခွန်းပြောကြားရာ မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ကျေးလက်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော ဆင်းရဲမှုလျှော့ချရေးကို အားပေးကြောင်း ထပ်လောင်းအတည်ပြုခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းကာ ဆင်းရဲမှုလျှော့ချရေးနှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်ရေးပတ်ဝန်းကျင် တည်ဆောက်သွားမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

မေလ၂၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ ပင်းကူးခရိုင် သို့သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆောင်ရွက်ထားသော ကျေးရွာအဆင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီစိုက်ပျိုးရေး၊ သန့်ရှင်းသောစွမ်းအင်အသုံးပြုမှုနှင့် လူနေမှုဘဝမြင့်တင်ရေးဆိုင်ရာစီမံကိန်းများကို လေ့လာကြည့်ရှုခဲ့သည်။

ထို့ပြင် ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်လာမှုနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသော လက်တွေ့ကျသည့် ဖွံ့ဖြိုးရေးစနစ်များကို ကြည့်ရှုလေ့လာခဲ့ပြီး ကျေးလက်ဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အတွေ့အကြုံများနှင့် အောင်မြင်မှုများကို အပြန်အလှန်ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **မြဝတီ**

## ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပမည်

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှုမြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ **"၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်"**ကို ဇွန်လ ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဥတ္တရသီရိမြို့နယ် Ocean ဈေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာစာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ၇ ကားပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

မြဝတီ

# မိုင်းရယ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ လွှဲပြောင်းပေးအပ်




**မိုင်းရယ် မေ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို မေလ ၂၉ ရက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကော်က စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ဖြည့်စွက်ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ယခုဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်မည့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) တွင်ပါဝင်သည့် မန်ကျောင်းကျေးရွာနှင့် လွယ်ဆိုင်ကျေးရွာတို့မှ ကော်မတီဝင်များထံ ရန်ပုံငွေများပေးအပ်ကြကြောင်း သိရသည်။

ချမ်းမြေ့

# ပွင့်ဖြူမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ထယ်ထိုးမြေမြှုပ်ခြင်း တောင်သူပညာပေးကွင်းသရုပ်ပြ

**ပွင့်ဖြူ မေ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)တို့ပူးပေါင်းပြီး တောင်သူများ သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားလာစေရန်နှင့် အထွက်နှုန်းကောင်းသော စိုက်ပျိုးရေးနည်းစနစ်များကိုသိရှိနိုင်စေရန် ရည်ရွယ်၍ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ထယ်ထိုးမြေမြှုပ်ခြင်း တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို မေလ ၂၉ ရက်တွင် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ)ရှိ မျိုးစေ့ထုတ်စိုက်ကွက်၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးငွေဆန်းက လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွင့်အမှာစကားပြောကြားပြီး မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန္ဒာဦးက သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ထည့်သွင်းအသုံးပြုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် သီးနှံအလိုက် အထွက်နှုန်းတိုးတက်စေရေး လိုက်နာရမည့် စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ)တာဝန်ခံ ဦးအောင်ချစ်က ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)မှ စပါး၊ နှမ်း၊ ကုလားပဲ၊ နေကြာ စသည့်မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးဆောင်ရွက်ပေးနေမှုများ၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်ခင်ညိုက သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)အသုံးပြုခြင်း၏အကျိုးကျေးဇူးများ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စန်းလဲ့မော်သောင်းက မျိုးကောင်းမျိုးသန့်ထုတ်လုပ်ပုံနည်းလမ်းများနှင့် မျိုးကောင်းမျိုးသန့်ထားသိုနည်းစနစ်များ စသည့်အကြောင်းအရာများကို အသီးသီးရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ခရိုင်ပိုးမွှားရောဂါကာကွယ်ရေးတာဝန်ခံ ဒေါ်ခိုင်ခိုင်ဦးက သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ထယ်ထိုးမြေမြှုပ်ခြင်း ကွင်းသရုပ်ပြဆောင်ရွက်ကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# တန့်ယန်းမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး


**တန့်ယန်း မေ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တန့်ယန်းခရိုင် တန့်ယန်းမြို့နယ်အတွင်း ယခုဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ဟိုမန်းကျေးရွာနှင့် နောင်စန့်ကျေးရွာတို့၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေလ ၂၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာညို၊ တန့်ယန်းခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဟိုမန်းကျေးရွာနှင့် နောင်စန့်ကျေးရွာတို့၌ ရက် ၁၀၀ အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယခုဘဏ္ဍာနှစ် ရက် ၁၀၀ အတွင်း ဟိုမန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၂၇၀၊ အကျယ် ၁၂ ပေ ၆ လက်မ၊ ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းကို စီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၄ ဒသမ ဝ၇ သိန်း၊ နောင်စန့်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၂၇၀၊ အကျယ် ၁၂ ပေ ၆ လက်မ၊ ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းကို စီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၄ ဒသမ ဝ၇ သိန်းတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သူသူ




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မတ္တရာ | (၃.၇၈)လက်မ |
| မှော်ဘီ(စိုက်ပျိုးရေးမိုးလေဝသ) | (၃.၀၇)လက်မ |
| မော်လမြိုင်ကျွန်း | (၂.၃၆)လက်မ |
| မိုင်းပျဉ်း | (၂.၁၈)လက်မ |
| ရန်ကုန်(မင်္ဂလာဒုံ) | (၁.၆၅)လက်မ |
| မင်းဘူး | (၁.၆၅)လက်မ |
| ရန်ကုန်(ကမ္ဘာအေး) | (၁.၅၄)လက်မ |
| ရန်ကုန်(ဗိုလ်တထောင်) | (၁.၅၀)လက်မ |
| နောင်ချို | (၁.၄၆)လက်မ |
| လပွတ္တာ | (၁.၄၂)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ခန္တီး | ၃၆.၇˚C |
| ညောင်ဦး | ၃၆.၅˚C |
| ကလေးဝ | ၃၆.၃˚C |
| မော်လိုက် | ၃၆˚C |
| ရေဦး | ၃၆˚C |
| ကလေး | ၃၅.၇˚C |
| မြစ်ကြီးနား | ၃၅.၆˚C |
| မင်းဘူး | ၃၅.၅˚C |
| ဟုမ္မလင်း | ၃၅.၅˚C |
| မိုးညှင်း | ၃၅.၅˚C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၄ |
| ရှမ်း(မြောက်) | ၂၁ | ၃၂ |
| ရှမ်း(အရှေ့) | ၂၁ | ၃၂ |
| ရှမ်း(တောင်) | ၁၉ | ၂၈ |
| ချင်း | ၁၅ | ၂၇ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၆ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၃ |
| မန္တလေး | ၂၅ | ၃၄ |
| မကွေး | ၂၄ | ၃၅ |
| ရခိုင် | ၂၄ | ၃၂ |
| ပဲခူး | ၂၃ | ၃၃ |
| ရန်ကုန် | ၂၅ | ၃၀ |
| ဧရာဝတီ | ၂၄ | ၃၄ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၄ | ၃၄ |
| မွန် | ၂၄ | ၃၄ |
| တနင်္သာရီ | ၂၄ | ၃၃ |

# ပုသိမ်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



**ပုသိမ် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေဆွေ၏ပြောပြချက်အရ သိရသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ်မေလတတိယပတ်မှ လက်ရှိအချိန်ထိ ဈေးကွက်အတွင်း ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မေလထဲမှာ ငါးကွမ်းရှပ်ခြောက်တွေ အဝယ်လိုက်နေပါတယ်။ ဒေသဈေးကွက်မှာ တခြားငါးခြောက်တွေနဲ့ယှဉ်ရင် ငါးကွမ်းရှပ်ခြောက်က ပိုပြီးအရောင်းအဝယ်ကောင်းနေပါတယ်။ ငါးကွမ်းရှပ်ခြောက်တွေ ပုံမှန်ထက်ပိုပြီး အရောင်းအဝယ်သွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ၊ ငါးခြောက်လုပ်ငန်းနဲ့ဆက်စပ်နေသူတွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု ဒေါ်ဆွေဆွေကပြောသည်။

ပုသိမ်မြို့နယ်၌ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ရေထွက်ကုန်ပစ္စည်းများ၊ ပုစွန်နှင့်ကဏန်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့၌ ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်တို့က သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

ထို့နောက် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိတပ်မတော်ဆေးရုံနှင့်ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက်တိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

**ဆရာကြီးခင်ဗျာ။ ကျွန်တော် အားကစားလုပ်ရင်း လက်မောင်းဆုံပြုတ်ဖူးပါတယ်။ နောက်ပိုင်းမှာ အခန့်မသင့်ရင် လက်မောင်းဆုံက မကြာခဏ ပြန်ပြုတ်လေ့ရှိပါတယ်။ ပြုတ်ရင် မိမိဘာသာ ပြန်ထည့်လို့ရပါတယ်။ ဒါပေမဲ့ ရာသီဥတုအေးတဲ့အခါ ပခုံးအဆစ်က ကိုက်ခဲလေ့ရှိပါတယ်။ ညဘက်အေးတဲ့အချိန် ဖိအိပ်ရင်လည်း ကိုက်ပါတယ်။ ဆေးနည်းလေးပြောပြပေးပါ။**

တောရှောက်မြစ်၊ ဝံအူမြစ် သွေးလိမ်းပါ။ ဆေးလိမ်းပြီး လက်မောင်းဆုံကိုငြိမ်အောင် ပတ်တီးနဲ့ စည်းပေးထားနိုင်ရင် ပိုကောင်းပါတယ်။ ပခုံးကို သိုင်းပြီးစည်းတဲ့နည်းနဲ့ စည်းရမှာဖြစ်ပါတယ်။ အေးတဲ့အချိန် ဒါမှမဟုတ် ညအိပ်ရာဝင်ချိန် လက်မောင်းဆုံ ကိုက်ခဲရင် လွယ်ကူတဲ့နည်းကတော့ ဗာဒံရွက် ဒါမှမဟုတ် ရဲယိုရွက်မီးကင်ပြီးတော့ နှမ်းဆီ ဒါမှမဟုတ် မုန်ညင်းဆီသုတ်ပြီး လက်မောင်းဆုံမှာ ကပ်ပေးပါ။ အထူးသဖြင့် အေးတဲ့အချိန် ညအိပ်တဲ့အခါ ပြုတ်ဖူးတဲ့ လက်မောင်းဆုံဘက်ကို ဖိမအိပ်တာ အကောင်းဆုံး ဖြစ်ပါတယ်။

**ဆရာကြီးခင်ဗျာ။ ကျွန်တော်က အလုပ်မှာ မတ်တတ်ရပ်ရတာ များပါတယ်။ အခုနောက်ပိုင်း ဝလာပြီး မကြာခဏ ခြေသလုံးကြွက်တက်လို့ပါ။ များသောအားဖြင့် အလုပ်လုပ်နေချိန်မှာ ကြွက်မတက်ဘဲ ညအိပ်ရာဝင်ခါနီးမှာ ကြွက်တက်လေ့ရှိပါတယ်။ ကြွက်တက်တဲ့အခါ အတော်လေးခံစားရတာမို့ ဆေးနည်းလေးပေးပါဆရာ။**

ကြွက်တက်တဲ့အချိန်မှာ မှောက်လျက်အိပ်ပြီး ခြေထောက်ကို နောက်ပြန်အဆုံးထိကွေးပြီး တင်ပါးနားအထိ ကွေးထားပါ။ ဘေးနားမှာအကူရှိရင် ခြေထောက်ကို ရနိုင်သလောက် နောက်ပြန်ကွေးပြီး ဖိထားပေးခိုင်းရင်လည်းရပါတယ်။ ကြွက်တက်တာ ကျသွားတော့မှ ပြန်ဆန့်ထုတ်ပါ။ ကြွက်တက်တတ်သူတွေရဲ့တံကောက်ခွက်ထဲ စမ်းသပ်ကြည့်ရင် အလုံးအဖုတွေ့ရတတ်ပါတယ်။ မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီကို မီးနဲ့အပူပေးပြီး တံကောက်ခွက်ထဲကို စိမ့်ဝင်အောင် နာနာပွတ်လိမ်းပေးပါ။ ပြီးရင် အဝတ် ဒါမှမဟုတ် ပတ်တီးနဲ့ တစ်နာရီလောက်ကြာအောင် စည်းထားပေးပါ။ တံကောက်ခွက်အကြောတွေ ပျော့လာရင် ကြွက်တက်တာ သက်သာစေပါတယ်။ ညအိပ်ရာဝင်ခါနီးတိုင်း သံပရာသီးဖျော်ရည်မှာ ဆားလေးလေးထည့် ဖျော်သောက်ရင်လည်း ကြွက်တက်တာသက်သာစေနိုင်ပါတယ်။ ချွေးထွက်များပြီး ပူအိုက်မှုလွန်ကဲတဲ့အခါ ဓာတ်ဆားရည်သောက်ပေးတာကလည်း ကြွက်တက်တာကို သက်သာစေနိုင်ပါတယ်။

**ဆရာကြီးခင်ဗျာ။ ခုန်ချရာကနေ ခဲလုံးနင်းမိပြီး ဖနောင့်မှာ အသားကြေနာဖြစ်နေပါတယ်။ ပျောက်ကင်းအောင်ဘယ်လိုကုသရင်ရပါမလဲ ဖြေကြားပေးပါ။**

ဖနောင့်အသားကြေနာဖြစ်ရင် အုတ်ခဲအပိုင်းတစ်ခုကို မီးဖုတ်ပါ။ ရဲလာတဲ့အခါ ညှပ်နဲ့ယူပြီး ရေထဲနှစ်ပါ။ အုတ်ခဲက အငွေ့ထွက်လာပါလိမ့်မယ်။ ဂုန်နီအိတ် ဒါမှမဟုတ် ပိတ်စထူထူကို အုတ်ခဲပေါ်မှာ ရေစွတ်ပြီးအုပ်ပါ။ အခိုးအငွေ့မသေခင်မှာ အုတ်ခဲပေါ်ကို ဖနောင့်ဖိကပ်ပြီး ခံနိုင်သမျှ နင်းပေးပါ။ အဲဒီလို အုတ်ခဲမီးဖုတ်ကို ရေစိုဝတ်အုပ်နင်းပေးတာကို နှစ်ကြိမ်၊ သုံးကြိမ် ရက်ဆက်ပြုလုပ်ပေးရင် ဖနောင့်အသားကြေနာပျောက်ကင်းနိုင်ပါတယ်။ နောက်တစ်နည်းကတော့ မိဿလင်ဥအစိုကို ထောင်းပြီး ဖနောင့်မှာ အုံစည်းပေးပါ။ ပြီးရင် ဖနောင့်ကို ဆားရည်ခပ်နွေးနွေးလေးစိမ်ပေးပါ။ ဖနောင့်အသားကြေနာ သက်သာပျောက်ကင်းစေနိုင်ပါတယ်။

**ဆရာကြီးခင်ဗျာ။ ကျွန်တော်က အငှားယာဉ်မောင်းတဲ့ အလုပ်လုပ်ပါတယ်။ အသက် ၄၀ ကျော်ရှိပါပြီ။ အခုရက်ပိုင်းအတွင်း ကားမောင်းရင်း ဇက်လေးလာပြီး ငိုက်သလိုဖြစ်လာပါတယ်။ ကားအက်ဆီးဒင့်ဖြစ်မှာစိုးလို့ အထူးသတိထားပြီးမောင်းနေရပါတယ်။ ဘာကြောင့် အဲဒီလိုဖြစ်တာလဲ၊ ဘယ်လိုကုသရမလဲဆရာ။**

ထိုင်ပြီး အာရုံစိုက်အလုပ်လုပ်ရတဲ့သူတွေက နှစ်ကြာလာတဲ့အခါ ဇက်ကျီးပေါင်းတက်ရောဂါဖြစ်တတ်ပါတယ်။ ကွန်ပျူတာအကြည့်များတဲ့သူနဲ့ ကားမောင်းရတဲ့သူတွေက အာရုံစိုက်ရတာချင်း အတူတူပါပဲ။ ဇက်ကျီးပေါင်းတက်တာသက်သာစေဖို့ လေ့ကျင့်ခန်းတွေလုပ်ရပါမယ်။ ကားမောင်းတဲ့အလုပ်ကို ခဏလောက်နားသင့်ရင်လည်း နားရပါမယ်။ တချို့ ဇက်ကျီးပေါင်းတက်ရောဂါတွေမှာ ကုသပေးတဲ့ဆရာက လေ့ကျင့်ခန်းလုပ်ခိုင်း၊ အကြောပြင်ပေး၊ ဇက်မှာဆေးကပ်ပေး၊ လိုအပ်ရင် ဇက်ကို Traction နည်းနဲ့ ခဲဆွဲကုသပေးတာတွေ တစ်လလောက်ကုသရင် သက်သာပျောက်ကင်းတယ်လို့ ဆိုပါတယ်။ ဇက်ကျီးပေါင်းရှိတဲ့သူတွေက အာရုံစိုက်တဲ့အလုပ်နဲ့ ရေရှည်မှာမသင့်လျော်လို့ တခြားအလုပ်ပြောင်းရတာမျိုးလည်းရှိပါတယ်။ အိပ်ရာဝင်ရင်တောင် ခေါင်းအုံးနှစ်လုံးဆင့်အိပ်တာ၊ မာကြောတဲ့ခေါင်းအုံးအမြင့်နဲ့ အိပ်တာတို့မလုပ်ဘဲ ရှောင်ကြဉ်ရပါမယ်။ ကျီးပေါင်းတက်ရောဂါဆိုတာ အရိုးအဆစ်တွေက သစ်ပင်တွေမှာ အပွေးတက်သလို မူမမှန်တဲ့ အဖုအထစ်ထွက်တဲ့ရောဂါဖြစ်ပါတယ်။ ကျီးပေါင်းတက်ရောဂါအမျိုးမျိုးကို တက်တဲ့နေရာအနေအထားလိုက်ပြီး အောက်ပါအတိုင်း သက်သာစေမယ့်ဆေးနည်းတိုတွေ တင်ပြပေးလိုက်ပါတယ်။

### ဇက်ကျီးပေါင်းတက်ရောဂါ

မုန်ညင်းဆီကို မီးနဲ့ချက်ပြီး ဇက်မှာ ခပ်နွေးနွေး စိမ့်ဝင်အောင် တစ်နေ့နှစ်ကြိမ် လိမ်းပေးပါ။ သဘော်ရွက်ကိုပျော့အောင် ရေနွေးစိမ်ပြီး ဇက်ပိုးမှာ ကပ်ပေးပါ။ ဇက်ကိုတံတောင်ဆစ်နဲ့ ထောက်ပြီး မနှိပ်ရ၊ အနှိပ်မခံရ။ ကျီးပေါင်းနဲ့အကြောညပ်သွားရင် ဇက်လှည့်မရတာဖြစ်တတ်တယ်။ အကြောညပ်ရင်၊ အုံးလွဲရင် နနွင်းနဲ့ဆားကို ဆတူရောပြီး ပိတ်စနဲ့ ကြပ်ထုပ်ပြုလုပ်ပါ။ ကြပ်ထုပ်ကို ရေနွေးငွေ့ခံ ဇက်ကို မုန်ညင်းဆီလိမ်းပြီး ခပ်နွေးနွေးကြပ်ထုပ်ထိုးပေးပါ။

### ခါးကျီးပေါင်းတက်ရောဂါ

အထိုင်များတဲ့သူတွေ၊ ခါးမှာထိခိုက်ဒဏ်ရာရရှိသူတွေ ခါးရိုးဆစ်ကျီးပေါင်းတက်တတ်တယ်။ ခါးရိုးဆစ်ငါးဆစ်ရှိတယ်။ အဲဒီငါးဆစ်ရဲ့ အောက်ဆုံးမှာ မြီးညောင်းရိုးအဆစ်ရှိတယ်။ အထိုင်ကြာတဲ့သူတွေ၊ ထိုင်ပြီးအလုပ်လုပ်ရတဲ့သူတွေ နှစ်ကြာလာတဲ့အခါ ခါးရိုးဆစ် (၄) နဲ့ (၅) ကြား အကြောညပ်တတ်တယ်။ မြီးညောင်းရိုးဆစ်နဲ့ အဆက်ကြားမှာ အထိုင်ကြာတာကြောင့် ကျီးပေါင်းတက်ပြီး အရွတ်ခုတုံး ဝါရှာလေးပြားပြီး ပျက်စီးသွားတတ်တယ်။ အဲဒီအခါ ဆိုင်ရက်တီကာ (ခေါ်) ပေါင်တစ်လျှောက် ဆင်းတဲ့ အာရုံကြောရောင်ရောဂါဖြစ်တတ်တယ်။ ခါးနာတတ်သူတွေ ပျော့တဲ့မွေ့ရာနဲ့ မအိပ်ရပါဘူး။ အတန်အသင့်မာတဲ့အိပ်ရာ၊ အိပ်လိုက်ရင် ခွက်ဝင်မသွားတဲ့ အိပ်ရာမှာ အိပ်ရမယ်။ အိပ်ရာမဝင်မီ ဒူးအောက်ပိုင်း ရေလောင်းအိပ်ပါ။ ခါးက အပူတွေ အောက်ကိုဆင်းသွားမယ်။ သက်ရင်းကြီးရွက်ခုနစ်ရွက်ကို ခါးအောက်မှာ ခင်းပြီးအိပ်ရင် ခါးကျီးပေါင်းနာ သက်သာစေတယ်။ မုန်ညင်းဆီထဲကို ချင်းတက်အနည်းငယ် ထုခြေထည့်ပြီး မီးနဲ့ဆူအောင်ချက်ထားပါ။ အဲဒီဆီကို ခါးမှာ တစ်နေ့နှစ်ကြိမ် စိမ့်ဝင်အောင်လိမ်းပေးပါ။ ခါးနာရင် မှောက်ပြီး အနင်းမခံပါနဲ့။ ကျီးပေါင်းနဲ့ ခါးကြောညပ်သွားတတ်တယ်။ မိဿလင်အခြောက်ကို အမှုန့်ကြိတ်ပြီး ပိတ်စနဲ့လက်သီးဆုပ်လောက်ထုပ်ပြီး ကြပ်ထုပ်ပြုလုပ်ပါ။ ကြပ်ထုပ်ကို ရေနွေးငွေ့မှာ အပူပေးပြီး မုန်ညင်းဆီ လိမ်းထားတဲ့ခါးမှာ ကြပ်ထုပ်ထိုးပေးရင် ကျီးပေါင်းနဲ့ ခါးကြောညပ်တာ သက်သာပျောက်ကင်းစေနိုင်တယ်။

### ဒူးကျီးပေါင်းတက်ရောဂါ

ဝတဲ့သူတွေ၊ အလေးအပင် ထမ်းရွက်သွားလာရသူတွေ၊ နေ့စဉ် လှေကားအဆင်းအတက် ပြုလုပ်ရသူတွေမှာ ဒူးကျီးပေါင်းတက်ရောဂါ ဖြစ်တတ်တယ်။ တချို့ ဒူးထိခိုက်မိရာကနေ အရွတ်အမြေးကွာပြီး ဒူးကျီးပေါင်းတက်ရောဂါရသူတွေလည်းရှိတယ်။ ဒူးကျီးပေါင်းရှိရင် ခန္ဓာကိုယ်အလေးချိန် တတ်နိုင်သမျှ လျှော့ချပေးရမယ်။ အလေးအပင်ထမ်းရွက်တာ မပြုလုပ်ရဘူး။ လှေကားအဆင်းအတက်ပြုလုပ်တာကိုလည်း ရှောင်ကြဉ်ရမယ်။ ဒူးကို ကြာရှည်ခေါက်မထိုင်ရဘူး။ ဒူးကိုမှောက်ပြီး တံကောက်ကွေးကနေ အနင်းခံတာ မပြုလုပ်ရပါ။ ဒူးနာရင် သက်ရင်းကြီးမြစ်၊ တောရှောက်မြစ်၊ ဝံအူမြစ် သွေးလိမ်းနိုင်တယ်။ ချင်းခြောက်မှုန့်နှစ်ဆ၊ လင်းနေမြစ်အမှုန့် တစ်ဆရောစပ်ပြီး ရေနွေးနဲ့ဖျော် ဒူးမှာလိမ်းအုံပြီး ပတ်တီးစည်းထားပေးရင် ဒူးဆစ်အရွတ်ရောင်တာ၊ ကျီးပေါင်းတက်တာတွေ သက်သာစေနိုင်တယ်။ ကိုယ်ရံကြီးဂမုန်းရွက်ကို ပျော့အောင်မီးကင်ပြီး နှမ်းဆီ ဒါမှမဟုတ် မုန်ညင်းဆီ သုတ်ပြီး ဒူးမှာ ပတ်တီးနဲ့ နှစ်နာရီကြာအောင် စည်းထားပါ။ ဒူးဆစ်တွေပျော့ပျောင်းပြီး အဆစ်ကျပ်တာ သက်သာစေတယ်။ ကိုယ်ရံကြီးရွက်က အချိန်ကြာကြာ စည်းရင် ယားတတ်တယ်။ ယားပြီး အဖုထွက်ရင် သနပ်ခါးကို ဆားနဲ့ရောသွေးပြီး လိမ်းပေးပါ။

### ဖနောင့်ကျီးပေါင်းတက်ရောဂါ

ဖနောင့်ကျီးပေါင်းတက်ရောဂါက ခန္ဓာကိုယ် အလေးချိန်များသူတွေမှာ ဖြစ်လေ့ရှိတယ်။ တစ်နေကုန် မတ်တတ်ရပ်ပြီး အလုပ်လုပ်ရသူတွေမှာလည်း ဖြစ်တတ်တယ်။ ဖနောင့်မှာ ကျီးပေါင်းတက်တဲ့အခါ တချို့ကျီးပေါင်းရောဂါတွေက အချွန်အတက်ထွက်ပြီး ငှက်နှုတ်သီးလို ဖနောင့်မှာဆူးနေတာကို ဓာတ်မှန်ရိုက်ကြည့်ရင် တွေ့ရတတ်တယ်။ အဲဒီအခါ ဖနောင့်ကိုခွဲပြီး ကျီးပေါင်းကို ခြစ်ထုတ်ပစ်ရတဲ့အထိဖြစ်တတ်တယ်။ ဒါကြောင့် တစ်နေကုန်မတ်တတ်ရပ်ရတဲ့ အလုပ်တွေကို ရှောင်ကြဉ်သင့်တယ်။ အဝလွန်သူတွေ ဝိတ်ချရမယ်။ ဖနောင့်နာရင် ဒေါက်မြင့်ဖိနပ်စီးတာကိုရှောင်ကြဉ်ပါ။ ဖနောင့်နာရင် အိဝင်တဲ့ ရော်ဘာအမျိုးအစားနဲ့ပြုလုပ်ထားတဲ့ ဖိနပ်ကို ပြောင်းစီးတာ အကောင်းဆုံးပါ။ ဖနောင့်ကျီးပေါင်းတက်သူတွေ နံနက်ရေမချိုးမီ တစ်ကြိမ်နဲ့ ညအိပ်ရာဝင်ခါနီး တစ်ကြိမ် ဆားနင်းပေးရင် ဖနောင့်ကျီးပေါင်းတက်၊ ဖနောင့်အသားကြေနာသက်သာစေနိုင်တယ်။ ဆားနင်းနည်းမှာ ဖနောင့်နှစ်ဖက်ဝင်ဆံ့တဲ့ ပလတ်စတစ်ဇလုံအထူတစ်လုံးထဲမှာ အိမ်သုံးဆားနှစ်ပိဿာထည့်ပါ။ ဆားထဲကို ခြေဖဝါးနဲ့ ဖနောင့်နှစ်ဖက်နစ်မြုပ်တဲ့အထိနင်းပါ။ ဖနောင့်တစ်ဖက်ကြွ တစ်ဖက်ချ တစ်လှည့်စီနင်းပါ။ ဆားနင်းချိန် တစ်ကြိမ်ကို မိနစ် ၂၀ ကနေ နာရီဝက်အထိ နင်းပါ။ ဆားမနင်းမီ ခြေထောက်ကို ဒူးအထက်ကနေအောက် ရေလောင်းပြီးမှနင်းပါ။ ဆားနင်းပြီးရင်လည်း ဒူးအထက်ကနေ အောက်ရေပြန်လောင်းရပါမယ်။ ဒါမှသာ ခြေထောက်က အခိုးပြန်မငုပ်ဘဲ အပြင်ကိုထွက်သွားမယ်။ နေ့စဉ် ဆားနင်းတာကို တစ်လကနေ နှစ်လအထိ ပြုလုပ်ပေးရာကနေ ဖနောင့်ကျီးပေါင်းတက်ရောဂါ၊ ဖနောင့်နာရောဂါ ပျောက်ကင်းသွားသူတွေရှိပါတယ်။ ဖနောင့်နာရင် ဆေးနည်းတိုတွေအနေနဲ့ သက်ရင်းကြီးရွက်ကို ညက်အောင်ထောင်း ဖနောင့်မှာပုံပြီး ပတ်တီးစည်းထားပါ။ ချင်းတက်ကို ညက်အောင်ထောင်းပြီး နနွင်းမှုန့်အနည်းငယ်နဲ့ရောနယ်ပြီး ဖနောင့်မှာ စည်းထားပါ။ ဖနောင့်မှာ အက်ကွဲကြောင်းတွေရှိရင် ပျားရည်နဲ့ ထောပတ်ကိုရောစပ်ပြီး လေလုံအောင် ပလတ်စတစ်အိတ်နဲ့ ဖနောင့်မှာ ထုပ်စည်းပြီး ညအိပ်ပါ။ နံနက်အိပ်ရာထမှာ ခြေဆေးပါ။ အဲဒီလိုပြုလုပ်ပေးရင် ဖနောင့်ကွဲ၊ ဖနောင့်နာ သက်သာစေနိုင်ပါတယ်။

**ကြည်လွှင်မြင့်(မုဒြာ)**

---

# ကမာရွတ်မြို့နယ်၌ ကောင်းမွန်သောဆေးဝါးရောင်းချမှုကျင့်စဉ် အသိပညာပေးဟောပြော

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး၌ ကောင်းမွန်သောဆေးဝါးရောင်းချမှုကျင့်စဉ် (Good Pharmacy Practice –GPP)အသိပညာပေးဟောပြောပွဲကို မေလ ၂၉ ရက်တွင် ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်) ဆေးဝါးဌာနခွဲမှ ဦးစီးအရာရှိများက ကောင်းမွန်သောဆေးဝါးရောင်းချမှုကျင့်စဉ် (Good Pharmacy Practice) နှင့်ပတ်သက်၍ သိသင့်သောအကြောင်းအရာများ၊ ကောင်းမွန်သောဆေးဝါးဖြန့်ဖြူးမှုကျင့်စဉ် (Good Distri–bution Practice)၊ ဆေးဝါးများပေးဝေခြင်း (Dispensing of Drugs) အကြောင်းများနှင့် အမျိုးသားဆေးဝါးဥပဒေနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို အသိပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆေးဆိုင်ပိုင်ရှင်များ၊ ဆေးဆိုင်ကြီးကြပ်သူ/ဆိုင်တာဝန်ခံများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးကြသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဆေးဝါးရောင်းချဆိုင်များကို အမျိုးသားဆေးဝါးဥပဒေနှင့် အမိန့်ကြော်ငြာစာများ တိကျစွာလိုက်နာစေရေးနှင့် ဆေးဝါးများ ဝယ်ယူသိုလှောင်ခြင်း၊ ရောင်းချခြင်းများတွင် စည်းကမ်းနှင့်အညီ စနစ်တကျရှိစေရေး၊ မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ် မပါရှိသောဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများနှင့် စပ်ဆေးများပပျောက်စေရေးကို ဦးတည်၍ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်ဆက်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၃-၂၀၂၇ မဟာဗျူဟာ လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ



နေပြည်တော် မေ ၂၉

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၃-၂၀၂၇ မဟာဗျူဟာလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ယနေ့ဆွေးနွေးပွဲကို ၂၀၂၃ မှ ၂၀၂၅ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ၂၀၂၆ မှ ၂၀၂၇ အထိ မဟာဗျူဟာစီမံချက်အပေါ် ရုံးချုပ်/ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၏ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေကို ဆွေးနွေးရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုတိုးတက်စေရေးနှင့် ပြည်သူ့ဘဏ္ဍာငွေကြေးထိန်းကျောင်းတည့်မတ်စေရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ အစီရင်ခံခြင်းများအတွက် မဟာဗျူဟာရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်နိုင်မှုများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးမှုများ ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ၏ ၂၀၂၃-၂၀၂၇ မဟာဗျူဟာလုပ်ငန်းစီမံချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန်ကျန်ရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ သုံးသပ်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး မေ ၂၉


ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSMEs စီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် မြို့နယ်အလိုက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်၊ မိုးရာသီရောက်ရှိပြီဖြစ်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းများနှင့် ကူးစက်ရောဂါ နှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ ပြည့်ဝစွာ ရရှိရေးကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းတင်ပြခဲ့ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက သုံးသပ်အကြံပြုတင်ပြကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအတွင်း ဈေးကွက်ဝင် မှိုစိုက်ပျိုးမှု တိုးတက်စေရေး ပဲခူးမြို့နယ် ညောင်အင်းကျေးရွာအုပ်စုရှိ မှိုစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ (၄၁၀)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေးဒနောဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ ဒေးဒနောဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုသည်။

ရိပ်သာ၌ ဘိုးဘွားရိပ်သာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘိုးဘွားများအား လက်ခံဆောင်ရွက်ပေးနေမှု၊ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာနှင့် အာဟာရပြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးထားမှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များကို ကျန်းမာရေးနှင့်ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ အဆောက်အအုံများအတွင်း အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရန်နှင့် အပန်းဖြေအနားယူနိုင်ရန် နေရာစီစဉ်ဆောင်ရွက်ထားမှု၊ ဘိုးဘွားများအား လူမှုရေးပင်စင်ရရှိရေး ဆောင်ရွက်ပေးမှုနှင့် အငြိမ်းစားဝန်ထမ်းဘိုးဘွားများအား ပင်စင်ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## မိုးငွေ့မှုန်မှုန် လနယုန်

➲ အလည်လွန် ပဗ္ဗုန်မိုး
မာန်ဟုန်ပျိုး ပြည်တော်ဝင်။
မေထုန်အခါ နယုန်လမို့
ဇေဋ္ဌကြယ်စင်။
လဝါနံဘေး အပြိုင်ယှဉ်
နိုင်မယ်ထင် တလက်လက်။
တိမ်မည်းညို လေပင့်တော့
ခြွေလွင့်မိုးစက်။

➲ ကောင်းကင်ပေါ် ငေးမျှော်တမ်း
မိုးကြိုပန်း ကွင်းပြည့်လျှံ။
တိမ်မိလ္လာ ကိုရုပ်ဆိုး
အုပ်မိုးနေဟန်။
လွမ်းစေဖို့ဖန်
တို့မြန်ပြည် အလှရှုခင်း။
တောင်သူတွေ လုပ်ငန်းစ
စိမ်းမြလယ်ကွင်း။

➲ သံဃာတော် မြတ်ရှင်ရင်းတို့
နှုတ်သံညင်း မင်္ဂလာ။
စာပြန်ပွဲ အခါသမယ
ကျင်းပ သုခမ္မာ။
လျှပ်နွယ်မြူး ထိန်လျှံဖြာ
တိမ်ယံမှာ နတ်စည်ရွှမ်း။
ပြည်တစ်ဝန်းသာ
ညီတန်းကာ ပျိုးပင်တန်းရယ်က
မိုးအဝင်လမ်းမှာ မြရည်ဖြာလို့
လှပန်းချီပမာ ရှုမဆုံးတော့တယ်
ကွယ်...
ပြည်လုံးရွှင်လန်း။ ။

အင်ကြင်းမေ

## MWD Variety Channel

၃၀-၅-၂၀၂၆(စနေနေ့)

၁။ ၀၉:၂၀ သိမှတ်ဖွယ်ရာ သုတကမ္ဘာ
၂။ ၁၁:၃၅ မြတ်နိုးစေချင် သဘာဝပတ်ဝန်းကျင်
၃။ ၁၇:၃၅ စကားလက်ဆုံ
၄။ ၂၁:၁၀ မှတ်တမ်းအစီအစဉ်

# မြန်မာနိုင်ငံမှ ပင်လယ်ကူးသင်္ဘောသားများ အမိမြေပြန်လည် ရောက်ရှိချိန်တွင် MSME များ၌ ပါဝင်ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး




**နေပြည်တော် မေ ၂၉**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား ရုံးအမှတ် (၃၀) ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ် အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပင်လယ်ကူးသင်္ဘောသားမှ စီးပွားရေးလုပ်ငန်းရှင်အဖြစ် အစီအစဉ်တစ်ရပ်ဖော်ဆောင်ပြီး စီးပွားရေးလုပ်ငန်းရှင်ဖြစ်မြောက်ရေးသင်တန်းများ၊ MSME ပြုစုပျိုးထောင်ရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အကြံပေးခြင်း၊ အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးရရှိအောင် ကူညီခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းများကို ဖြည့်ဆည်းပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကြောင်းသိရသည်။

**မြဝတီ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ Polytechnic University (ကျိုင်းတုံ)ပါမောက္ခချုပ် ဒေါက်တာသင်းသုနိုင်ကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆ / ၂၀၂၆)

၁။ ပညာသင်ကြားခွင့်သည် လူသားတိုင်းရရှိရမည့် အခြေခံအခွင့်အရေးဖြစ်ပါသည်။ ပညာသင်ကြားခွင့်နှင့်စပ်လျဉ်း၍ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆ (၁) နှင့် မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၈ နှင့် ၂၉ တို့တွင်ဖော်ပြထားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၆၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၄၆၊ ၄၇ နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၂၀ မှ ၂၅ အထိတို့တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

၂။ ၂၀၂၆ – ၂၀၂၇ ပညာသင်နှစ်အတွက် မသန်စွမ်းကလေးငယ်များအပါအဝင် ကျောင်းနေအရွယ် ကလေးသူငယ်အားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက နှိုးဆော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရာတွင် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးသည် ပဓာနကျသည်ဖြစ်ရာ ပညာရေးကိုအားပေးခြင်းဖြင့် ကလေးတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားနှင့် ဆင်ခြင်တုံတရားမြင့်မားလာစေခြင်း၊ ကိုယ်ပိုင်ဘဝရပ်တည်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ခြင်း၊ မိသားစုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးတို့ကို အကျိုးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေမည့်အပြင် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) ကို အထောက်အကူပြုနိုင်သည့် မျိုးဆက်သစ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့” ဟူသည့် နိုင်ငံတော်၏ ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းကလေးများအပါအဝင် ကျောင်းနေအရွယ်ကလေးများ စာသင်နှစ်အလိုက် ကျောင်းအပ်နှံရေး၊ စာသင်ခန်းသို့ ပြန်လည်ရောက်ရှိရေး၊ အခြေခံပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားခွင့်ရရှိရေး မိဘအုပ်ထိန်းသူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်


## (၂၉-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၆,၂၂၃,၂၇၈.၀၆ | ၆,၁၂၂,၄၈၉.၀၉ | ၁၈,၄၇၆,၆၉၄.၆၂ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၉၅ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃၄၈၀.၀၀ ကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂၆၅၁.၁၉ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု ကြည့်ရှုပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ထောက်ပံ့ပေးအပ်



**ဟားခါး မေ ၂၉**

ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ကော်မတီဝင် ဒုတိယညွှန်ကြားရေးမှူးချုပ်များသည် ယနေ့ နံနက် ၁၀ နာရီတွင် တွန်းဇံမြို့ပေါ်ရှိ အစိုးရပိုင်အဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များပျက်စီးဆုံးရှုံးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တွန်းဇံမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမဆောင်၌ကျင်းပသည့် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့တက်ရောက်ပြီး ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ တွန်းဇံမြို့နယ်တွင် အုပ်ချုပ်မှုယန္တရား စတင်လည်ပတ်နေပြီဖြစ်ကြောင်း၊ အုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးမှုအားကောင်းလာအောင် ပြည်သူတစ်ရပ်လုံးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားကြသည်။

ယင်းနောက် တွန်းဇံမြို့ ပြန်လည်တည်ဆောက်ရေးအတွက် သွပ်၊ သံ၊ ဘိလပ်မြေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အိမ်ထောင်စု ၃၉ စု၊ လူဦးရေ ၂၆၅ ဦး တို့အတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိအတွက် ထောက်ပံ့ငွေကျပ် ၁၃၆၈၉၉၀၀ ကို ပေးအပ်ရာ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက် )**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း သင်တန်းသားစားရိပ်သာတွင် သင်တန်းသားများအား ကျွေးမွေးရန်ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)၌ ခြေလျင်တပ်ရင်းမှူးသင်တန်းမှ သင်တန်းသားများနှင့် အတူ နေ့လယ်စာအတူတကွသုံးဆောင်စဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့်လေ့ကျင့်ရေးတပ်ရင်း၌ မျိုးစေ့များခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၏ဇနီး ဒေါ်နန်းကူးကူ ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့်ကလေးငယ်တစ်ဦးအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။

■ ကျောဖုံးမှအဆက်

စားရိပ်သာများအတွင်း ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် ခြင်ယင်များမရှိစေရန် ဆေးဖျန်းခြင်းများဆောင်ရွက်ရန်၊ စတိုအတွင်း ရိက္ခာများအား သန့်ရှင်းသပ်ရပ်စွာဖြင့် စနစ်တကျထားရှိရန်၊ ရိပ်သာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရန်၊ ချက်ပြုတ်ကျွေးမွေးရာတွင် သတ်မှတ်နှုန်းထားများအတိုင်း အာဟာရပြည့်မီစွာဖြင့်ကျွေးမွေးနိုင်ရေး စေတနာထားဆောင်ရွက်ရန်တို့မှာကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် သင်တန်းကျောင်းဝင်းအတွင်း လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုများ၊ အိပ်ဆောင်များ၊ စာသင်ဆောင်များနှင့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး) ပြခန်းတွင်း ခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နေ့လယ်ပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) မြဝတီစားရိပ်သာတွင် ခြေလျင်တပ်ရင်းမှူးသင်တန်းမှ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တပ်ရင်းရုံး၌ တပ်ရင်းမှူးက ရည်မှန်းချက် တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် စံပြစိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင် အမှန်တကယ်အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန်ဖြစ်သည်နှင့်အညီ ဒေသတွင်းစံပြဖြစ်အောင် ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် မျိုးစေ့များခင်းကျင်းပြသထားမှုကို ကြည့်ရှုကြပြီး တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ Green House အတွင်း ရာသီသီးနှံများစိုက်ပျိုးထားရှိမှု၊ မျိုးစေ့ထုပ်ပိုးခန်းအတွင်း ရုံးပတီ၊ ရွှေဖရုံ၊ ချဉ်ပေါင်၊ တိုင်ထောင်ပဲ၊ ဘူး၊ မုန်ညင်း၊ မုန်လာဥနှင့် ခရမ်းများကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့များထုပ်ပိုးနေမှုနှင့် သိုလှောင်ခန်းအတွင်း မျိုးစေ့များသိုလှောင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

၎င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ နယ်မြေခံဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၏ တစ်ဦးချင်းရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည်နိုင်ငံတော်အကြီးအကဲမှ ဖြည့်ဆည်းပေးထားသည့် Portable Digital Dental သွားဓာတ်မှန်စက်နှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအတွက် ကွန်ပျူတာဖြင့် ခန္ဓာကိုယ်အတွင်းပိုင်းကို အလွှာလိုက်ဓာတ်မှန်ရိုက်စစ်ဆေးနိုင်သည့် CT Scan စက်အသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်နန်းကူးကူနှင့်အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၉**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မြန်မာနိုင်ငံရှိကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောစီမံကိန်းများ ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

# ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်

**နေပြည်တော် မေ ၂၉**

၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် သန်လျင်တပ်နယ်ခန်းမ၌ပြုလုပ်ရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်၊ ထို့နောက်ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းနှင့် ပြိုင်ပွဲအမျိုးအစားအလိုက်ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြေးခုန်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက်ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၉ သင်းဖြင့် မေလ ၂၃ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။ (ဝဝ)



ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းအား ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့် ချင်းပြည်နယ်၊ တွန်းဇံမြို့သို့ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများရောက်ရှိ





တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့် လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက်ဖြန့်ဝေပေးအပ်စဉ်။

**နေပြည်တော် မေ ၂၉**

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ချင်းပြည်နယ်အတွင်းရှိ ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဒေသတစ်ဝိုက်တို့အား အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံတော်အစိုးရကထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အဆိုပါ မြို့များအရောက် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သမားများဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများအား အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံ အစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ဒေသခံပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ကျန်းမာရေးသုံးပစ္စည်းများတင်ဆောင်လာသည့်မော်တော်ယာဉ်သည် ယနေ့တွင် ချင်းပြည်နယ်၊ တီးတိန်မြို့မှတစ်ဆင့် တွန်းဇံမြို့သို့ ရောက်ရှိကြောင်း သိရှိရသည်။

အဆိုပါ နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်များကို မေလ ၂၅ ရက်တွင် နေပြည်တော်နှင့် မန္တလေးမြို့တို့မှ တပ်မတော်လေယာဉ်များဖြင့် ကလေးမြို့သို့လည်းကောင်း၊ မေလ ၂၆ ရက်နေ့တွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဖလမ်းမြို့သို့လည်းကောင်း၊ မေလ ၂၇ ရက်တွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် တီးတိန်မြို့သို့လည်းကောင်း၊ ယနေ့ မေလ ၂၉ ရက်တွင် တီးတိန်မြို့မှ တွန်းဇံမြို့သို့လည်းကောင်း အသီးသီးပို့ဆောင်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါမော်တော်ယာဉ်များဖြင့်ရောက်ရှိလာသည့်ကုန်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဒေသခံပြည်သူများ၏ လက်ဝယ်အရောက်ဆက်လက်ဖြန့်ဝေပေးအပ်ခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏လိုအပ်ချက်အပေါ်မူတည်၍ ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဝဝ)



ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို တွန်းဇံမြို့သို့ မော်တော်ယာဉ်များဖြင့်ပို့ဆောင်စဉ်။

# ပညာရေးမှ တာဝန်သို့

ဝထကလသ(နတလ)

ဤနေရာသည် နိုင်ငံတော်၏အနာဂတ်ကိုပိုမိုတောက်ပစေရန် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနေသော နေရာများစွာအနက်မှ တစ်ခုပင်ဖြစ်သည်။

စာရေးသူသည် **“ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်” (Nationalities Youth Resource Development Degree College)** ကျောင်းဆင်းပွဲအခမ်းအနားသို့ ရောက်ရှိနေခြင်းဖြစ်သည်။

မနေ့က “ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ” သည် ယနေ့တွင် “နိုင်ငံ့ဝန်ထမ်းများ” ဖြစ်လာကြပေပြီ။

> ➢ **ကျောင်းတော်ကြီးများသည် ပညာရေးအတွက် စာသင်ကြားခြင်းတစ်ခုပင် မဟုတ်တော့ဘဲ လူငယ်များ၏ဘဝနှင့် နိုင်ငံတော်ကိုပြောင်းလဲမြှင့်တင်ပေးရန် ပြုစုပျိုးထောင်တည်ဆောက်ပေးလျက်ရှိသော “အင်အား” တစ်ခုဖြစ် . . .**
>
> ➢ **စည်းလုံးမှုရှိရာအရပ်တွင် အင်အားရှိပြီးအင်အားရှိရာမှ အောင်မြင်မှုပေါ်ထွန်းလာရသည်ဖြစ်ရာ တစ်ဦးချင်း၏ “ရုပ်ပိုင်းဆိုင်ရာအင်အား”၊ “စိတ်ပိုင်းဆိုင်ရာအင်အား” တို့မှတစ်ဆင့် လူအများ၏ပေါင်းစည်းမှုဖြင့် စည်းလုံးမှုအင်အားကို ရရှိလာမည်ဖြစ် . . .**

သူတို့သည်ဤကျောင်းတော်ကြီးတွင်လေးနှစ်တာကာလ အတူဖြတ်သန်းနေခဲ့ကြသည်။ အတူတူလက်ရည်တစ်ပြင်တည်းစားသောက်ခဲ့ကြသည်။ အတူတူကျောင်းတက်ခဲ့ကြသည်။ အတူတူ စာကျက်ခဲ့ကြသည်။ အတူတူအားကစားပွဲများ၌ ပျော်ရွှင်ခဲ့ကြသည်။ အတူတူလုပ်အားပေးခဲ့ကြသည်။ အိပ်မက်များလည်း တူညီခဲ့ကြသည်။

တကယ်တော့သူတို့သည် အမည်အမျိုးမျိုးဖြင့် သတ်မှတ်ခေါ်ဝေါ်နေကြသည့် မြန်မာနိုင်ငံသား ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြစ်ကြသည်။

**ပြည်ထောင်စုစိတ်ဓာတ်**

အချို့က တောင်တန်းမြင့်မြင့် မိုးတိမ်များအောက်မှာ နေထိုင်ခဲ့ကြသည်။ အချို့က မြေပြန့်လယ်ပြင်နေရောင်အောက်တွင် ကြီးပြင်းလာကြသူများဖြစ်ကြသည်။ အခြေခံအားဖြင့် မတူညီကြ။ သူတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံဝတ်စားဆင်ယင်မှုများလည်း အရောင်အသွေးအမျိုးမျိုးဖြင့် လှပစွာကွဲပြားနေကြသည်။ သို့သော် ကွဲပြားမှုများ၏နောက်ကွယ်တွင် တူညီသောနှလုံးသားအစုံတို့ တိတ်ဆိတ်စွာခုန်လှုပ်နေကြသည်။ ထိုနှလုံးသားတို့သည် နိုင်ငံ၏အနာဂတ်ကို တာဝန်ယူထမ်းဆောင်လိုသော “စိတ်” ဖြစ်ပြီး မျိုးဆက်သစ်များအတွက် အလင်းတံခါးများကို တည်ဆောက်ပေးလိုသော “ဆန္ဒ” ပင်ဖြစ်သည်။

သူတို့သည် မတူညီကွဲပြားမှုများကို မငြင်းဆန်ကြ။ အပြန့်အတားမဖြစ်ကြ။ ယုံကြည်လက်ခံကြသည်။ နားလည်မှုဖြင့် ချိတ်ဆက်ကြသည်။ ကျောင်းတော်ကြီးများတွင် အေးအတူပူအမျှ အတူတကွ ဖြတ်သန်းကြလျက် “အပြုံးမပျက်ကြ၊ အမုန်းမဖက်ကြ။” မတူကွဲပြားမှုများသည် ခွဲခြားမှုအတွက် မဟုတ်တော့ဘဲ “ချိတ်ဆက်မှု” ဖြစ်လာသောအချိန်တွင် လူမျိုးစုများအတွက် “တစ်နိုင်ငံတည်း” ဟူသော အဓိပ္ပာယ်က အသက်ရှူသကဲ့သို့ ခိုင်မြဲစွာအသက်ဝင်လျက်ရှိပေသည်။

သူတို့သည် မြေတစ်မြေ၊ သွေးတစ်စည်း၊ စိတ်တစ်ဝမ်းဖြင့် မတူကွဲပြားမှုများကြားမှ အတူယှဉ်တွဲကာ ညီညွတ်ခြင်းကိုအခြေခံလျက် အနာဂတ်တစ်ခုဆီသို့ ရည်ရွယ်၍ စည်းလုံးစွာလက်တွဲလျှောက်လှမ်းခဲ့ကြသည်။

ထိုအချိန်တွင် “စည်းလုံးမှု” သည် စကားတစ်လုံးမဟုတ်တော့ဘဲ ရှင်သန်နေသောတန်ဖိုးတစ်ခုဖြစ်လာသည်။ မတူညီသောဓလေ့စရိုက်များကို ရည်မှန်းချက်တစ်ခုတည်းဖြင့် ချည်နှောင်ပေးသော မေတ္တာကြိုးသည် စည်းလုံးမှုဖြစ်သည်။ ထိုစည်းလုံးမှုကြောင့်ပင် အခက်အခဲများကြုံတွေ့ရာတွင်လည်း တစ်ဦးကိုတစ်ဦးဖေးမကူညီအားပေးရင်း အတူတကွ ရှေ့ဆက်နိုင်သော ညီညွတ်ခြင်းကို ဖော်ဆောင်သည်။ ထိုစိတ်ဓာတ်သည်ပင် မတူကွဲပြားမှုများ၌ တည်မြဲနေသော “ပြည်ထောင်စုစိတ်ဓာတ်”၏ အမှန်တရားဖြစ်ပေသည်။

**ကျောင်းဆင်းပွဲမြင်ကွင်း**

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ၏ ကျောင်းဆင်းပွဲ၊ ဘွဲ့နှင်းသဘင်အခမ်းအနားများသည် ပျော်ရွှင်မှုတစ်ခုတည်းကိုသာမဟုတ်ဘဲ နိုင်ငံ၏အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ ပေါင်းစည်းနေသော အဓိပ္ပာယ်ပြည့်ဝသည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်လိုက်သည့်အချိန်တွင် အရောင်အသွေးစုံလင်လှသော လူအုပ်ကြီးက အမြင်အာရုံကိုချက်ချင်းဖမ်းစားသွားသည်။ တောင်တန်းဒေသမှလာသော မိဘများ၏ဝတ်စုံများသည် တောက်ပသော အရောင်စုံများဖြင့်လှပနေကြသည်။ မြေပြန့်မှ မိဘများ၏ အဝတ်အစားများနှင့် ပေါင်းစည်းရောယှက်သွားသည့်အခါ တစ်နိုင်ငံလုံး၏ ယဉ်ကျေးမှုကို တစ်နေရာတည်း၌ တစုတစည်းတည်း မြင်တွေ့နိုင်သည့် မြင်ကွင်းပင်ဖြစ်သည်။

မိဘများ၏မျက်နှာပေါ်တွင် ပီတိစိတ်ဖြင့် သားသမီးများ၏ အောင်မြင်မှုအပေါ် ဂုဏ်ယူမှုများက တူညီနေကြသည်။တချို့မိဘများ၏မျက်ဝန်းတွင် မျက်ရည်စက်တို့ဖြင့် စိုစွတ်တောက်ပနေသည်ကို တွေ့မြင်ရသည်။ ဝမ်းနည်းမှုကြောင့် မဟုတ်သည်မှာ တော့သေချာသည်။ ဂုဏ်ယူမှု၏ အသံမဲ့သီချင်းများပင် ဖြစ်ပေလိမ့်မည်။

အခမ်းအနားအတွင်းရှိ ဆရာ၊ ဆရာမများ၏ မျက်နှာများတွင်လည်း တိတ်တဆိတ်ထင်ဟပ်နေသော ပီတိကိုမြင်တွေ့ရသည်။ လေးနှစ်တာကာလအတွင်း သင်ကြားပေးခဲ့သော ပညာရပ်များ၊ လမ်းညွှန်ဖြေရှင်းပေးခဲ့သော အခက်အခဲများ၊ တစ်ခါတစ်ရံ တင်းကျပ်ခဲ့ရသော စည်းကမ်းများသည် ယနေ့တွင် အဓိပ္ပာယ်ပြည့်ဝခဲ့ပေပြီ။ **“ငါတို့စိုက်ပျိုးခဲ့သော မျိုးစေ့သည် အခုအချိန်တွင် ရှင်သန်သီးပွင့်ခဲ့ပြီ”** ဆိုသောပြောမပြနိုင်သော ဝမ်းသာမှုများက လင်းထွက်နေသည်။

ကျောင်းဆင်းများသည်လည်း ပျော်ရွှင်မှုနှင့် ဂုဏ်ယူမှုတို့ ပေါင်းစည်းနေသည့်ဘွဲ့လက်မှတ်နှင့်အတူ တာဝန်ပေးအပ်ထားသည့် အလုပ်ခန့်စာကိုပါပူးတွဲကိုင်ထားပြီး အနာဂတ်ကိုစတင်တော့မည်ဆိုသည့် ယုံကြည်မှုကြောင့် မျက်နှာပေါ်တွင် လင်းလက်နေကြသည်။ တောင်တန်းသားဖြစ်စေ၊ မြေပြန့်သားဖြစ်စေ ယနေ့တွင် နိုင်ငံတော်၏ အနာဂတ်အတွက် ကျရာအခန်းကဏ္ဍ၌ တာဝန်ယူရန် အဆင်သင့်ဖြစ်နေကြပေပြီ။

ပြည်ထောင်စုဝန်ကြီး၏ မိန့်ခွန်းကလည်း လူငယ်များအပေါ်ထားရှိသော ယုံကြည်မှုကိုပြသနေသည်။ **“သင်တို့သည် နိုင်ငံ၏အနာဂတ်ဖြစ်သည်”** ဟူသော စကားရပ်နှင့်အတူ နိုင်ငံအတွက် တာဝန်တစ်ခုကို ပေးအပ်လိုက်ခြင်းဖြစ်သည်။ ထိုယုံကြည်မှုသည် ကျောင်းဆင်းလူငယ်များ၏ ရင်ထဲ၌ တာဝန်ယူစိတ်တစ်ခုအဖြစ် အမြဲတည်ရှိနေမည်ဟု ယုံကြည်မိသည်။

စာရေးသူသည် ဤမြင်ကွင်းများကို ကြည့်နေမိစဉ် မိဘများ၏ မေတ္တာ၊ ဆရာ၊ ဆရာမများ၏ ပီတိ၊ ကျောင်းဆင်းလူငယ်များ၏ မျှော်လင့်ချက်၊ အကြီးအကဲများ၏ ယုံကြည်မှုတို့ကို ပေါင်းစည်းခံစားရမိလိုက်သည်။ ဤအရာအားလုံးသည် တစ်ခုတည်းသော လမ်းကြောင်းသို့ ညီညာစွာစီးဆင်းနေသည်ကိုသိမြင်မိသည်။ **“ပြည်ထောင်စု၏ အနာဂတ်ကိုတည်ဆောက်မည့် စိတ်ဓာတ်”** ပင်ဖြစ်ပေလိမ့်မည်။

> ➢ **နိုင်ငံတော်၏ အနာဂတ်အတွက် “အစ” သည်ပညာရေးဖြစ်ပြီး ထိုပညာရေး၏ “အဆုံး”သည် နိုင်ငံတော်တည်ဆောက်ရေးတာဝန်ပင်ဖြစ် . . .**
>
> ➢ **ကျောင်းတော်ကြီးများ၏ ကောင်းမွန်သောပညာရေးစနစ်၊ တိကျသောလေ့လာရေးစနစ်၊ စည်းကမ်းရှိသော အုပ်ချုပ်မှုများ၊ အမျိုးသားရေးစိတ်ဓာတ်ကို ဖွံ့ဖြိုးမြှင့်တင်ပေးသော ပတ်ဝန်းကျင်များက လူငယ်တို့၏ အရည်အသွေးကိုသာမက သူတို့၏နှလုံးသားတွင် “နိုင်ငံချစ်စိတ်” ကိုပါ အရောင်တင်ပေးခဲ့ . . .**

**တာဝန်ကိုယ်စီ**

နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ကျောင်းရှိသည်။ ရန်ကုန်နှင့်စစ်ကိုင်းတို့တွင်ဖြစ်သည်။ ဤကျောင်းတော်ကြီးများအား နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်စေရန် ရည်ရွယ်၍ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှအခြေခံပညာအထက်တန်းအောင်မြင်သော တိုင်းရင်းသားလူငယ်များအား သင်တန်းသားရွေးချယ်ရေးကော်မတီက အရည်အချင်းအလိုက်ရွေးချယ်ကာ ရွေးချယ်ခံရသောကျောင်းသားများကို သိပ္ပံ/ဝိဇ္ဇာနှင့် အင်ဂျင်နီယာဘာသာရပ်များကို သင်ကြားပေးလျက်ရှိသည်။

ကျောင်းအုပ်ချုပ်ရေးအဖွဲ့များအပြင် ကျောင်းသားအချင်းချင်း သံယောဇဉ်ရှိစေသော၊ စည်းလုံးညီညွတ်စေသော၊ တစ်ကိုယ်ကောင်း မဆန်စေသော စီနီယာ၊ ဂျူနီယာစနစ်ဖြင့် ကျောင်းစည်းကမ်းများကို စနစ်တကျထိန်းသိမ်းခဲ့ကြသည်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ သိပ္ပံ/ဝိဇ္ဇာ ဘာသာရပ်အတွက် ပညာသင်နှစ်လေးနှစ်၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ အင်ဂျင်နီယာဘာသာရပ်အတွက် ပညာသင်နှစ်သုံးနှစ် သတ်မှတ်ထားရှိပြီး သိပ္ပံ/ဝိဇ္ဇာဘွဲ့နှင့် အင်ဂျင်နီယာ ဒီပလိုမာများ အပ်နှင်းပေးသည်။

သိပ္ပံ/ဝိဇ္ဇာဘွဲ့နှင့် အင်ဂျင်နီယာဘာသာရပ်များအပြင် ပြည်ထောင်စုစိတ်ဓာတ်၊ ခေါင်းဆောင်မှု၊ အဆင့်မြင့်ယဉ်ကျေးမှု၊ ကွန်ပျူတာသိပ္ပံဘာသာရပ်တို့အား ပူးတွဲသင်ကြားပေးသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၃၁ ဦး၊ သိပ္ပံဘွဲ့ ၁၅၅၂ ဦး၊ B.Tech ဘွဲ့ ၁၃၅ ဦးနှင့် AGTI ဒီပလိုမာ ၁၁၂၃ ဦး စုစုပေါင်း ၃၅၄၁ ဦးရှိပြီဖြစ်သည်။

၎င်းတို့သည် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အသီးသီးတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် နိုင်ငံ့တာဝန်များအား ထမ်းဆောင်လျက်ရှိပေသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ယခုကျောင်းဆင်းခဲ့သည့် အမှတ်စဉ်မှာ (၂၂) ဖြစ်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)မှာ အမှတ်စဉ် (၁၉) ဟု သိရသည်။ ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများသည် ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့တွင် တာဝန်ချထားခြင်းခံရကြောင်းသိရသည်။

သူတို့အားလုံးတစ်ဦးချင်း အလုပ်ခန့်စာများလက်ခံရရှိထားကြပြီဖြစ်သည်။ တစ်ယောက်တစ်နေရာ၊ တစ်ယောက်တစ်ဌာနဖြစ်ပေလိမ့်မည်။ အချို့တောင်တန်းဒေသများကို ပြန်ရသူရှိပါလိမ့်မည်။ အချို့မြေပြန့်မြို့ကြီးများဆီ တာဝန်ကျသူရှိပေလိမ့်မည်။ ထိုနည်းတူ မြန်မာနိုင်ငံ၏ အရှေ့ဘက်၊ အနောက်ဘက်စသည့် မတူညီသောအရပ်များ၌ မတူညီသောဌာန၊ မတူညီသောတာဝန်များကို ထမ်းဆောင်ကြရပေတော့မည်။

တကယ်တော့ နိုင်ငံ့တာဝန်ထမ်းဆောင်မည်ဆိုသည့် ကျောင်းဆင်းများမှာ အသက်နှစ်ဆယ်ကျော်အရွယ်လေးများဖြစ်သဖြင့် အိပ်မက်အလွန်များသည့်အရွယ်လေးများပင်ဖြစ်သည်ဟုဆိုရပါမည်။ သို့သော် သူတို့၏အိပ်မက်များသည် အတ္တအတွက် ရှေ့တန်းတင်ခြင်းအလျှင်းမရှိကြ။ စာမျက်နှာ ၁၄ သို့ ❐

# သီးသန့်မီးသတ်တပ်ဖွဲ့ အကြိုအခြေခံမီးသတ်ပညာ သင်တန်းဖွင့်လှစ်


မိုင်းရယ် မေ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ခိုဆိုင်းကျေးရွာအုပ်စုရှိ သံတောင်ဦးကုမ္ပဏီလီမိတက် မိုင်းရယ်သကြားစက်ရုံ(ရှန်တော်သကြားစက်)တွင် သီးသန့်မီးသတ်တပ်ဖွဲ့ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်လှစ်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါစက်ရုံရှိအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ထိုသို့ပြုလုပ်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ထွန်းဦးက သင်တန်းဖွင့်လှစ်ပေးခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးမီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးသီဟစိုးက အခြေခံစစ်ရေးပြနှင့် မီးသတ်ပညာဘာသာရပ်တို့ကို သင်ကြားပို့ချသည်။

အဆိုပါသင်တန်းကို ဇွန်လ ၆ ရက်အထိ သင်ကြားမည်ဖြစ်ပြီး သကြားစက်ရုံရှိဌာနခွဲအသီးသီးမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၅ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။ မိုင်းရယ်(ပြန်/ဆက်)




# မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၂၉

ယနေ့ည ၆ နာရီ ၅၂ မိနစ် ၅၂ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တွန်းဇံမြို့၏ အနောက်-အနောက်တောင်ဘက် ၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၅၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၅၈ ဒီဂရီ၊ အနက် ၇၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၂ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)

# ထူးခြားသည့်နေ့အပူချိန်များ

၂၉-၅-၂၀၂၆

| | | | |
|---|---|---|---|
| ခန္တီး | ၃၆ | ဒသမ | ၇ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ | ဒသမ | ၅ ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၆ | ဒသမ | ၃ ဒီဂရီဆဲလ်စီးယက် |
| မော်လိုက် | ၃၆ | ဒသမ | ၀ ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၆ | ဒသမ | ၀ ဒီဂရီဆဲလ်စီးယက် |
| ကလေး | ၃၅ | ဒသမ | ၇ ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၃၅ | ဒသမ | ၆ ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၅ | ဒသမ | ၅ ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၃၅ | ဒသမ | ၅ ဒီဂရီဆဲလ်စီးယက် |
| မိုးညှင်း | ၃၅ | ဒသမ | ၅ ဒီဂရီဆဲလ်စီးယက် |

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၅-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၅၀ | ၄၇၂၀ | ၄၆၆၅ | ၄၅၆၅ | ၄၇၂၀ | ၄၇၃၅ | ၄၇၇၅ | ၄၆၄၀ | ၄၇၇၅ | ၅၀၇၅ | ၄၆၆၀ | ၄၈၁၀ | ၄၇၆၀ | ၄၇၁၅ | ၄၇၂၀ | ၄၉၄၀ |
| 95 Ron | ၄၆၂၀ | ၄၇၉၅ | ၄၇၄၀ | ၄၆၃၅ | ၄၇၉၅ | ၄၈၁၀ | ၄၈၅၀ | ၄၇၁၅ | ၄၈၅၀ | ၅၁၅၀ | ၄၇၃၅ | ၄၉၁၅ | ၄၈၃၅ | ၄၇၉၀ | ၄၇၉၅ | ၅၀၁၅ |
| HSD (500 ppm) | ၄၅၉၅ | ၄၇၅၅ | ၄၇၀၅ | ၄၆၁၀ | ၄၇၆၀ | ၄၇၇၀ | ၄၈၁၀ | ၄၆၈၀ | - | ၅၀၉၅ | ၄၇၀၀ | ၅၁၆၀ | ၄၇၉၅ | ၄၇၅၀ | ၄၇၅၅ | ၄၉၆၅ |
| HSD (50 ppm) | ၅၅၅၀ | ၅၇၂၀ | ၅၆၆၅ | ၅၅၆၅ | ၅၇၂၅ | ၅၇၃၅ | ၅၇၈၀ | ၅၆၄၀ | ၅၇၈၀ | ၆၀၈၀ | ၅၆၆၅ | ၅၈၅၀ | ၅၇၆၀ | ၅၇၁၅ | ၅၇၂၀ | ၅၉၄၀ |
| HSD (10 ppm) | ၅၅၅၀ | ၅၇၂၀ | ၅၆၆၅ | ၅၅၆၅ | ၅၇၂၅ | ၅၇၃၅ | ၅၇၈၀ | ၅၆၄၀ | | ၆၀၈၀ | ၅၆၆၅ | ၅၈၅၀ | ၅၇၆၀ | ၅၇၁၅ | ၅၇၂၀ | ၅၉၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၁၆ | ၄၄၃၆ |
| 95 Ron | ၄၃၈၇ | ၄၅၀၉ |
| HSD (500 ppm) | ၄၃၇၄ | ၄၄၉၁ |
| HSD (50 ppm) | ၅၂၈၇ | ၅၄၂၂ |
| HSD (10 ppm) | ၅၂၈၇ | ၅၄၂၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❒ **စာမျက်နှာ ၁၃ မှအဆက်**

တောင်တန်းပေါ်က တိတ်ဆိတ်သော ရွာလေးတစ်ရွာ၊ မြေပြန့်ဒေသက မဖွံ့ဖြိုးသောဒေသတစ်ခုတွင် မဆုံဘူးသေးသော ဒေသခံတွေ၊ မသိသေးသောဘဝများနှင့် ကြုံရပေတော့မည်။ တစ်ယောက်က ကလေးငယ်များကို စာသင်ပေးနေလိမ့်မည်။ တစ်ဦးက ဌာနတစ်ခုတွင် ပြည်သူလူထုကို ဝန်ဆောင်မှုပေးနေလိမ့်မည်။ တစ်ဦးက ဒေသဖွံ့ဖြိုးရေးအတွက်ကြိုးပမ်းနေလိမ့်မည်။ တစ်ယောက်က နိုင်ငံတော်တည်ငြိမ်ရေးအတွက် တာဝန်ယူနေပေလိမ့်မည်။

နိုင်ငံတော်မှ ပညာရေးဖြင့်ပြုစုပျိုးထောင်ပေးလိုက်သော သား၊ သမီးများအား နိုင်ငံအနှံ့နေရာဒေသအစုံသို့ အင်အားပြည့်ထမ်းဆောင်ရန် "တာဝန်ကိုယ်စီ" ခွဲဝေပေးလိုက်ခြင်းဖြစ်သည်။

**ရည်ရွယ်ချက်**

ထိုကျောင်းတော်ကြီးများ၏ကျေးဇူးကား ကြီးမားလှပေသည်။ ကျောင်းတော်ကြီးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကလည်း အနှစ်သာရရှိလှပေသည်။ အဓိပ္ပာယ်လည်း ပြည့်ဝလှပေသည် -

(၁) တိုင်းရင်းသားလူငယ်များသည် ပညာရာမီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့်လူငယ်များဖြစ်လာစေရန်။

(၂) ပြည်ထောင်စု တိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သောလူငယ်များဖြစ်လာစေရန်။

(၃) နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက်ဆောင်ရွက်လိုသည့်စိတ်ဓာတ်မွေးမြူပေးရန်။

(၄) အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်လိုသည့် စိတ်ဓာတ်များမွေးမြူပေးရန်။

(၅) အဆင့်မြင့်တက္ကသိုလ်ဘာသာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိဒေသတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျွမ်းကျင်စွာပါဝင်ဆောင်ရွက်စေရန်တို့ဖြစ်သည်။

ထိုရည်ရွယ်ချက်များက တိုင်းရင်းသားလူငယ်များအတွက်ပြည့်စုံသောအနာဂတ်ကိုပေါ်လွင်အောင် ဖော်ဆောင်ပေးခဲ့သည်။ ထို့ကြောင့်ကျောင်းတော်ကြီးများသည် ပညာရေးအတွက် စာသင်ကြားခြင်းတစ်ခုပင် မဟုတ်တော့ဘဲ လူငယ်များ၏ဘဝနှင့်နိုင်ငံတော်ကိုပြောင်းလဲမြှင့်တင်ပေးရန် ပြုစုပျိုးထောင်တည်ဆောက်ပေးလျက်ရှိသော "အင်အား" တစ်ခုဖြစ်ပေသည်။

စည်းလုံးမှုရှိရာအရပ်တွင် အင်အားရှိပြီး အင်အားရှိရာမှ အောင်မြင်မှုပေါ်ထွန်းလာရသည်ဖြစ်ရာ တစ်ဦးချင်း၏ "ရုပ်ပိုင်းဆိုင်ရာအင်အား"၊ "စိတ်ပိုင်းဆိုင်ရာအင်အား" တို့မှတစ်ဆင့် လူအများ၏ ပေါင်းစည်းမှုဖြင့် စည်းလုံးမှုအင်အားကိုရရှိလာမည်ဖြစ်သည်။

**ပညာရေးမှ တာဝန်သို့**

နိုင်ငံတော်၏ အနာဂတ်အတွက် "အစ" သည် ပညာရေးဖြစ်ပြီး ထိုပညာရေး၏ "အဆုံး"သည် နိုင်ငံတော်တည်ဆောက်ရေးတာဝန်ပင်ဖြစ်သည်။ ကောင်းမွန်သောစနစ်မရှိသည့် ပညာရေးသည် အလင်းမရှိသော လမ်းကြောင်းနှင့်တူသည်ဟုဆိုသည်။

ကျောင်းတော်ကြီးများ၏ ကောင်းမွန်သောပညာရေးစနစ်၊ တိကျသောလေ့လာရေးစနစ်၊ စည်းကမ်းရှိသော အုပ်ချုပ်မှုများ၊ အမျိုးသားရေးစိတ်ဓာတ်ကို ဖွံ့ဖြိုးမြှင့်တင်ပေးသော ပတ်ဝန်းကျင်များက လူငယ်တို့၏ အရည်အသွေးကိုသာမက သူတို့၏နှလုံးသားတွင် "နိုင်ငံချစ်စိတ်" ကိုပါ အရောင်တင်ပေးခဲ့သည်။

ယခုအခါ တိုင်းရင်းသားကျောင်းသားလူငယ်များသည်သင်ယူသူများမဟုတ်တော့ တာဝန်ယူထမ်းဆောင်ကြသူများဖြစ်လာကြပေပြီ။ ထို့ကြောင့် ပညာရေးမှရရှိလာသောအသိပညာများကို တာဝန်ယူမှုနှင့် ပေါင်းစပ်လျက် နိုင်ငံတော်အတွက်အသုံးချနိုင်သော အင်အားတစ်ခုအဖြစ်ပြောင်းလဲရမည်ဖြစ်သည်။

နိုင်ငံတော်က "ရာထူး" ခန့်အပ်ခြင်း၊ နေရာချထားခြင်းများဆောင်ရွက်ပေးခဲ့ပြီ။ "တာဝန်" နှင့် "အရည်အချင်း" ကိုတော့ မိမိတို့ကိုယ်တိုင်ကြိုးစားရပေလိမ့်မည်။

မတူညီသော ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် တိုင်းရင်းသားလူငယ်များသည် လမ်းကြောင်းများကွဲပြားကြမည်ဖြစ်သော်လည်း နိုင်ငံ၏အကျိုးအတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်မည်ဟူသော စိတ်ဓာတ်တစ်ခုတည်းကိုသာ ခံယူထားကြရပါလိမ့်မည်။

**Education is the most powerful weapon which you can use to change the nation.**

ထို့ကြောင့် **"ပညာရေးမှ တာဝန်သို့"** ကူးပြောင်းခြင်းသည် ကျောင်းဆင်းတိုင်းရင်းသားလူငယ်တစ်ဦးချင်းစီ၏ ပညာရေးအောင်မြင်မှုသာမဟုတ် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တည်ဆောက်ရေးတာဝန်၏ "အစ" ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာသုံးသပ်ရေးအဖွဲ့ဝင်တို့နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တွေ့ဆုံ

ရန်ကုန် မေ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေး အဖွဲ့ဝင်များ၊ ဥပဒေပညာရှင်(အငြိမ်းစား) များအား ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး ပုလဲခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူများ၏အကျိုးစီးပွားအား အကာအကွယ်ပေးနိုင်ရေး ဥပဒေပြဋ္ဌာန်းရာ၌ အထောက်အကူဖြစ်စေရန်နှင့် ထိရောက်စေရန်အတွက် ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရှိဥပဒေပညာရှင်များနှင့် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဥပဒေပညာရှင်များနှင့်တွေ့ဆုံပြီး ဥပဒေစကားဝိုင်းပြုလုပ်ရန် အမြဲစဉ်းစားခဲ့ပါကြောင်း၊ ဥပဒေပညာရှင်များအနေဖြင့် တည်ဆဲဥပဒေများနှင့်ပတ်သက်ပြီး ခေတ်နှင့်မလျော်ညီတော့သည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ ခေတ်နှင့်အညီ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ ဥပဒေ၏အကာအကွယ်အောက်တွင် ပြည်သူများအေးချမ်းလုံခြုံစွာနေထိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် မိမိတို့အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံ



တကာဆက်ဆံရေးများတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်ဖြစ်ပါကြောင်း၊ လတ်တလောအနေဖြင့် နိုင်ငံတော်အတွက် လက်ရှိအခြေအနေများနှင့် ကိုက်ညီမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို ဆောလျင်စွာပြဋ္ဌာန်းနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေပညာရှင်များအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေပညာရှင် (အငြိမ်းစား)များက ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး သင်တန်းခန်းမ၌ပြုလုပ်သည့် စီမံကိန်း၊ ရသုံးမှန်းခြေငွေစာရင်းနှင့်ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံအားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြောင်းသိရသည်။

မြဝတီ

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၂ ခုကို ခွင့်ပြု



နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅) အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် တစ်ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် သုံးခုတို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၀၅ သန်းနှင့် ငွေကျပ် ၂၉၇၇၃ ဒသမ ၆၃၉ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၈၇၉ ဦးကိုဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများမှာ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း၊ အဆင့်မြင့်ဟိုတယ်နှင့် ဈေးဝယ်စင်တာလုပ်ငန်း၊ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း၊ တိရစ္ဆာန်အစာ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝါစိုက်ပျိုးခြင်း၊ ဆီသန့်ထုတ်လုပ်ခြင်းနှင့် သိုးဆိတ်မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်း၊ ဘီစကွတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ပေါင်မုန့်နှင့် မုန့်အမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မော်တော်ဆိုင်ကယ် ကွဲတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆံပင်တုထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ အလူမီနီယံ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့လည်း ပါဝင်သည်။

၂၀၂၆ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပညာရေးတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များမှကျောင်းသား၊ ကျောင်းသူများနှင့် မဟာဘွဲ့တက်ရောက်ရန် အရည်အချင်းပြည့်မီသော ဆရာ၊ ဆရာမများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တက္ကသိုလ်များတွင် ဆရာအတတ်ပညာနှင့်စပ်လျဉ်းသည့် ဘာသာရပ်များသင်ကြားနိုင်ရန် ပညာတော်သင်များစေလွှတ်နိုင်ရေး၊ နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုမြှင့်တင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ



| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄˚c / | ၃၃˚c |
| ရန်ကုန် | ၂၅˚c / | ၃၀˚c |
| မန္တလေး | ၂၅˚c / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား






ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**❖ တပ်မတော်အတွက် စွမ်းရည်၊ စွမ်းအားပြည့်ဝသည့် တပ်မတော်သားများပေါ်ထွန်းလာစေရေး လေ့ကျင့်ရေးသင်တန်းကျောင်းများက စနစ်တကျဖြင့် သင်ကြားမွေးထုတ်ပေးကြရမည်ဖြစ် . . .**

**❖ မိမိတို့တပ်မတော်သည် နိုင်ငံတော်၌ကြုံတွေ့လာသော အခက်အခဲအမျိုးမျိုးကို အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက် ရှေ့ဆုံးကမားမားမတ်မတ်ရပ်တည်ကာကွယ်ခဲ့သည့် ကောင်းမြတ်သောအတိတ်သမိုင်းကြောင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို . . .**

**နေပြည်တော် မေ ၂၉**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အောင်ဆန်းခန်းမ၌ ဗထူးတပ်နယ်ရှိ အရာရှိ၊စစ်သည်၊မိသားစုများအားသွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက အမှာစကားပြောကြားရာတွင် တပ်မတော်အတွက် အရေးပါသည့်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးလျက်ရှိသည့် ဗထူးတပ်မြို့မှ အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များကို တွေ့ဆုံရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဗထူးတပ်နယ်ရှိသင်တန်းကျောင်းများမှ သင်တန်းနည်းပြများ၏ စေတနာထားလေ့ကျင့်သင်ကြားပေးမှုများကို အသိအမှတ်ပြုပါကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ မတူညီသည့် နိုင်ငံရေးစနစ်များ ကျင့်သုံးကြသည့် အင်အားကြီးနိုင်ငံနှစ်ခုအကြားတွင် တည်ရှိကြောင်း၊ လွတ်လပ်ရေးရပြီးချိန်တွင် နိုင်ငံရေး၊ လူမျိုးရေးကိုအကြောင်းပြု၍ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာပြီး လက်နက်ကိုင်သောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ကြောင်း၊ အဆိုပါလက်နက်ကိုင်သောင်းကျန်းမှုများအား တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့်လက်တွဲ၍ အောင်မြင်စွာ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ကြောင်း။

၂၀၂၁ ခုနှစ် နောက်ပိုင်းကာလများတွင် နိုင်ငံရေးအမြင်ကွဲလွဲမှုအပေါ် အခွင့်ကောင်းယူကာတည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တရားမဝင် ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့အပါအဝင်အကြမ်းဖက်အဖွဲ့များသည် ဒေသအလိုက် အမည်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာခဲ့ပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် အချို့ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပြီး အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်မှုများ ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တပ်မတော်အနေဖြင့် တပ်ရင်းတပ်ဖွဲ့များရှိ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထုများနှင့် အတူတကွပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာခဲ့ကြောင်း။

စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးနှင့်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် အဓိကလိုအပ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို တပ်မတော်ကကြိုးပမ်းထမ်းဆောင်ရမည်ဖြစ်သည့်အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝသော ပြည်သူကအားကိုးယုံကြည်

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရအချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ယင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်နေမှု၊ မောင်တောဒေသရှိ UN အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ရန်ကုန်မြို့၌ ယာယီနေထိုင်နိုင်ရေးခွင့်ပြုဆောင်ရွက်မှုနှင့်နယ်မြေဒေသတည်ငြိမ်ပါက ပြန်လည်ရွှေ့ပြောင်းတာဝန်ထမ်းဆောင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာနိုင်ငံရှိကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများနှင့်ပတ်သက်၍ ကုလသမဂ္ဂရုံးချုပ်သို့ သတင်းမှန်နှင့်အချက်အလက်မှန်များဖြင့် ရှင်းလင်းတင်ပြနိုင်ရေး၊ ဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဦးလင်းဇော်ထွန်းနှင့် ဒေါက်တာခိုင်ခိုင်စိုး၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

# M-15 တူးဖော်ရေးစီမံကိန်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး

**ထားဝယ် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးမြတ်ကိုသည် CFG Energy Pte. Ltd. ၏ဥက္ကဋ္ဌ Mr. Shen Song Ning နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီးလွှတ်တော်ရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် CFG Energy Pte. Ltd. ဥက္ကဋ္ဌနှင့်အဖွဲ့က M-15 ကမ်းလွန်လုပ်ကွက် လွန်တူးဖော်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ နှစ်ကုန်ပိုင်းတွင် စတင်အကောင်အထည်ဖော်မည့် တူးဖော်ရေးလုပ်ငန်းများ၊ EIA/SIA ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးအနေဖြင့် လုပ်ငန်းဆောင်ရွက်မည့် နယ်မြေဒေသများရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



ရသည့် တပ်မတော်ဖြစ်အောင် မိမိတို့ကိုယ်စီ အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်အတွက် စွမ်းရည်၊ စွမ်းအားပြည့်ဝသည့်တပ်မတော်သားများ ပေါ်ထွန်းလာစေရေး လေ့ကျင့်ရေးသင်တန်းကျောင်းများက စနစ်တကျဖြင့် သင်ကြားမွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း၊ ဗထူးတပ်နယ်ရှိ လေ့ကျင့်ရေးကျောင်းများသည် တပ်မတော်အတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနေသဖြင့် နည်းပြများမှလည်း စေတနာထား၍ အပြည့်အဝ သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်ကြားပြသပေးရာတွင် "ရှေးရှုမေတ္တာကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလေ့" ဆိုသည့်အတိုင်း မေတ္တာ၊ စေတနာအပြည့်ဖြင့် သင်ကြားပေးစေလိုကြောင်း၊ နည်းပြများအနေဖြင့်လည်း မိမိသင်ကြားပေးရသည့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာထားရမည်ဖြစ်ကြောင်း။

လူသားမျိုးနွယ်စုကို လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများတွင် ပါဝင်ပတ်သက်ခြင်းမရှိစေရေး အလေးထားဆောင်ရွက်ကြရန်နှင့် ပါဝင်ပတ်သက်ခြင်းရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နေ့စဉ်ဆောင်ရွက်နေသည့်လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရန်မှာ ကျန်းမာကြံ့ခိုင်ရေးသည် အရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အရက်သေစာသောက်စားခြင်းများကို ရှောင်ကြဉ်ရန်လိုကြောင်း၊ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ်လုပ်ဆောင်သွားကြရန်လိုကြောင်း၊



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူး ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သို့မှသာ ကိုယ်ကျန်းမာစိတ်ချမ်းသာဖြင့် လုပ်ငန်းတာဝန်များနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေးလေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာရှိရန်လိုကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံတော်မပြိုကွဲရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်၍ ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံတော်၌ကြုံတွေ့လာသောအခက်အခဲအမျိုးမျိုးကို အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက် ရှေ့ဆုံးကမားမားမတ်မတ်ရပ်တည်ကာကွယ်ခဲ့သည့် ကောင်းမြတ်သော အတိတ်သမိုင်းကြောင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့တပ်မတော်သားများသည် သစ္စာလေးချက် ဦးထိပ်ပန်ဆင်ကြသူများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာရှိကြရန်လိုကြောင်း။

တပ်မတော်သားများ၏ ပါရမီဖြည့်ဖက် မိသားစုဝင်များအနေဖြင့်လည်း မိမိအကျိုး၊ မိသားစုအကျိုး၊ မိမိအဖွဲ့အစည်းအကျိုးအတွက် ပါရမီဖြည့်ဖက်ကောင်းများဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ ထို့ပြင် မိသားစုဝင်များအနေဖြင့် မိမိတို့ရရှိသည့်ဝင်ငွေနှင့်ထွက်ငွေကို ညီညွတ်မျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့်ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကိုခွဲခြားသိရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဗထူးဒေသသည် စိုက်ပျိုးဖြစ်ထွန်းသည့်မြေအမျိုးအစားဖြစ်သည့်အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးများကို ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ မိမိတို့၏သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးကို အထူးအလေးထားအားပေးလျက်ရှိပြီး ကျောင်းနေအရွယ်ကလေးငယ်တိုင်း KG+9 အထိ မသင်မနေရ ပညာသင်ကြားရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် တပ်မတော်သား မိသားစုဝင်များအနေဖြင့် မိမိတို့၏သားသမီးများကိုပေးနိုင်သည့်အမွေသည် ပညာအမွေသာဖြစ်သည့်အတွက် ပညာတတ်များဖြစ်အောင် အလေးထားဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တပ်နယ်မှူးကလက်ခံရယူသည်။ အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးကိစ္စများ၊ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာရရှိရေးနှင့် ပြည်တွင်းခရီးသွားလာခွင့်ကိစ္စများ၊ မန္တလေးလျင်ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စများနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကျင်းပ




**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက မြန်မာလုပ်သားဈေးကွက်ရှိ အလုပ်အကိုင် ခုနစ်မျိုး စစ်ဆေးအကဲဖြတ်ခြင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြေဆိုအောင်မြင်ခဲ့သည့် အရည်အသွေးပြည့်မီသူ ကျွမ်းကျင်လုပ်သား ၃၀၉ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice President U Nyo Saw presents certificates and titles to monks who passed the 78th Tipitakadhara Tipitakakovida examination





Vice President U Nyo Saw and wife Daw San San Aye and the congregation pay respects to Sayadaws.

NAY PYI TAW May 29

One-hundred monks who passed the 78th Tipitakadhara Tipitakakovida examination sponsored by the Religious Affairs Department of the Ministry of Religious Affairs of Republic of the Union of Myanmar were honoured and presented certificates at an auspicious ceremony held at the Maha Pasana Cave, the venue of the Sixth Buddhist Council, at Thirimingala Kaba Aye hillock, Yangon, this morning.

Present to pay respects to eminent Sayadaws led by Chairman of State Sangha Maha Nayaka Committee (SSMNC) Thanlyin Minkyaung Pahtamabyan religious school Sayadaw Abhidhaja Maha Rattha Guru Agga Maha Pantita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, Ovadacariya Sayadaws of Tipitakadhara Tipitakakovida examination board, Tipitakadhara Tipitakakovida Sayadaws, Tipitakadhara Tipitakakovida examination Pucchaka assistance Sayadaws, supervisor Sayadaws and monks who passed the 78th Tipitakadhara Tipitakakovida examination at the ceremony were Vice President the Republic of the Union of Myanmar U Nyo Saw and wife Daw San San Aye, union ministers, Dr Thet Khaing Win, U Htein Lin, U Tin Oo Lwin, and Yangon Region Chief Minister U Aung Naing Thu and their wives, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, the region Hluttaw speaker, region ministers, departmental personnel and guests.

The congregation led by the Vice President and wife received the Five Precepts from Chairman of Ovadacariya Sayadaws of Tipitakadhara Tipitakakovida examination board Sayadaw Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhamma Jotikadhaja Bhaddanta Sudhammacara Bhivamsa.

The SSMNC Chairman Sayadaw delivered the Saraniya Ovadakahta.

Then, Union Minister for Religious Affairs U Tin Oo Lwin delivered a presentation on religious affairs.

Afterward, Vice President U Nyo Saw conferred degrees and certificates on Ashin Wisitthasara of the Tipitaka Maha Gandawin Nikaya Monastery in Dagon Township, Yangon Region, who was awarded the Tipitakadhara Tipitakakovida degree, and Ashin Gandama of the Tipitaka Nikaya Monastery in Dagon Township, Yangon Region, who received the Mulabhidhammika degree.

Then, Union Ministers, Region Chief Ministers, and responsible officials presented titles and certificates to monks who had earned various religious degrees, including two monks awarded the Mulabhidhammika degree, three monks awarded the Digha Nikaya Kovida degree, one monk awarded the Digha Banaka degree, seven monks awarded the Vinaya Kovida degree, 28 monks awarded the Vibanga Dhara degree, 11 monks awarded the Ubataw Vibanga Kovida degree, and 46 monks awarded the Ubataw Vibanga Dhara degree.

Afterward, the Vice President and his wife, together with invited guests, listened to a sermon of appreciation delivered by Bhaddanta Vasettha Bhivamsa, a member of the executive committee of the State Sangha Maha Nayaka Committee, Maha Nayaka Sayadaw of Masoeyein New Monastery in Mandalay, and presiding Sayadaw of Dhammasamiddhi Monastery, who holds the titles of Agga Maha Pandita, Agga Maha Saddhammajotikadhaja, and Maha Dhammakathika Bahujanahitadhara. They then shared merits and poured water in dedication for the various donations made.

Then, the Vice President, his wife, invited guests, and donors presented religious offerings to the monks who had successfully passed the Tipitakadhara and Tipitakakovida selection examination. They later toured the cave temple grounds, which were opened to the public to mark the 70th Anniversary of the Sixth Buddhist Synod Achievement Ceremony. During the visit, they viewed exhibitions showcasing religious activities from the First Buddhist Synod Achievement Ceremony through the Sixth Buddhist Synod Achievement Ceremony, as well as displays highlighting current religious activities.

The Tipitakadhara and Tipitakakovida selection examination is conducted with the aim of recognizing individuals of exceptional wisdom and merit within the Buddhist religion, promoting the highest level of the Dhamma, and identifying and honouring those who have mastered the recitation of the Three Pitakas. Since its inception in Myanmar Era 1310, and over the period from 1948 to 2026, a total of 18 monks have been awarded the titles of Tipitakadhara and Tipitakakovida. The 18th recipient emerging from the 78th Tipitakadhara and Tipitakakovida selection examination is Ashin Wisittasara. It is reported that more monks will continue to be awarded the Tipitakadhara and Tipitakakovida titles in the future.

**Myawady**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pyithu Hluttaw Speaker U Khin Yi meets with Yangon Region Hluttaw speaker, deputy speaker, members of bill committee, legal affairs and special cases assessment commission

NAY PYI TAW May 29

Speaker of the Pyithu Hluttaw U Khin Yi met with Speaker of Yangon Region Hluttaw U Htay Aung, Deputy Speaker U Kyaw Kyaw Soe, members of the Bill Committee and the Legal Affairs and Special Cases Assessment Commission and legal scholars (retired) at the Pearl Hall of Yangon Region Hlutaw this afternoon.

First, Speaker of Yangon Region Hluttaw U Htay Aung reported on formation of the legal affairs and special cases assessment commission and members of the commission introduced themselves to the Pyithu Hluttaw speaker.

Then, the Pyithu Hluttaw speaker said he was meeting with legal scholars of the Yangon Region Hluttaw to contribute to enactment of the law protecting the interests of the people and to make enactment of laws effective.He was always thinking about holding talks with legal scholars, who were urged to make recommendations to amend, add to or replace existing law that were not relevant to the times and on enacting new laws that catch up with the times. Concerted efforts must be made to enable the public to live peacefully and safely and to be prosperous. In regional and international relations, it was necessary to enact laws to protect the national interests. Priority was given to enact the law combating online scams, which reflected the current situation of the State, as soon as possible. He, therefore, urged legal scholars to discuss recommendations for the law.



Pyithu Hluttaw Speaker U Khin Yi cordially greets Hluttaw representatives.

Afterward, the speaker and deputy speaker of Yangon Region Hluttaw, members of the bill committee and legal affairs special cases assessment commission and legal scholars (retired) held relevant discussions and the speaker of the Pyithu Hluttaw made concluding remarks on their discussions.

Then, Pyithu Hluttaw Speaker U Khin Yi cordially greeted Hluttaw representatives who were taking part in the planning, budget and monetary management workshop at the training hall of Yangon Region Hluttaw.

**Myawady**

■■ **From Page - 21**

The General inspected the training sessions in the compound of the training school, hostels, lecture halls and the booth of the Tatmadaw (Army) Officer Training School (Bahtoo).

In the afternoon, the General and party had the lunch together with trainees from the infantry commanding officer course at Myawady Mess Hall of the Tatmadaw (Army) Combat Forces Training School and cordially greeted them.

The General also inspected the Animal Husbandry and Training Battalion in Bahtoo Cantonment. At the battalion office, the commanding officer reported to the General on the implementation of the assigned duties, and progress of the model agriculture and livestock zone. The General instructed officials to strive to achieve actual success in operating the agriculture and livestock activities, and initiate the agriculture and livestock zone as a model in the region, and other measures.



General Kyaw Swa Lin cordially greets families at a local battalion.

The General observed the display of quality seeds of crops and viewed round thriving seasonal crops in the green house at the compound of the battalion, the packaging process of quality seeds of vegetables such as ladyfinger, pumpkin, roselle, beans, gourd, mustard, radish and eggplant in the seed packaging room, and the storage of seeds at the store. The General asked what he wanted to know and coordinated necessary measures with officials.

General Kyaw Swa Lin, together with his wife Daw Nang Kue Ku, senior military officers from the Office of the Commander-in-Chief and their wives, the commander of the Eastern Command officials, visited the Tatmadaw Hospital in Bahtoo Cantonment where they were welcomed by the commandant, specialists, medical officers and officials.

The General and party cordially individually inquired the officers, other ranks and families about their illness, medical treatment, and progress in health recovery, and presented food items to them at the local hospital in Bahtoo Cantonment.

The General viewed the Portable Digital Dental X-ray machine provided by the Head of State and the CT Scan which can examine patient's inner organs through the computerization process for officers, other ranks, families and local people.

Daw Nang Kue Ku, the wife of the General, and party visited the Maternal and Child Care Ward where they comforted the patients receiving medical treatment and presented foodstuffs.

The General and party inspected the local regiments and units by car and cordially greeted officers, other ranks and families. The General coordinated the reports of Tatmadaw members and families with officials and presented foodstuffs and cash awards.

**100**

# Kawlin District completes harvest of all winter sesame acres

KAWLIN May 29

All of the sesame planted in Kawlin District, Sagaing Region in this winter crops planting season has been harvested, according to the Department of Agriculture for Kawlin District.

Kawlin District planted 28,192 acres of sesame during the winter cropping season, with harvesting beginning in January this year. As of now, 14,055 acres have been harvested in Kawlin Township, 9,005 acres in Wuntho Township, and 5,132 acres in Pinlebu Township, totalling 28,192 acres, with an average yield of 11.73 baskets per acre.

"Sesame cultivation has been increasing year by year. Sesame is mainly grown in the winter rather than the rainy season. As for oilseed crops, it is in a successful situation," said U Win Thein, head of Department of Agriculture for Kawlin District.

**SMK**

●● From Page - 21

stability in the areas.

It is the duty of the Tatmadaw to ensure national peace and stability, the main requirements for steering the country firmly towards the well-disciplined multi-party democracy, and building a Union based on democracy and federalism. Hence, through individual efforts, the Tatmadaw must always be the one that has full combat capability and combat readiness and that wins the trust and reliance of the people.

Training schools should systematically bring about soldiers with combat capability and combat readiness for the Tatmadaw. As the training schools in Bahtoo Station are producing human resources for the Tatmadaw, instructors should do their job with goodwill and all-out efforts. In accord with the virtues of a teacher, instructors must have loving-kindness, compassion, and sincerity in providing trainings and admonishing the trainees with full love and dedication. Instructors must be well versed in the subjects they are teaching.

Soldiers must never get involved in transporting, trafficking abusing narcotic drugs, that can terminate the human race,




Daw Nang Kue Ku presents cash donation for maternal and child welfare association.

and any involvement in one of the said illegal activities will be met with severe punishment.

He stated that physical fitness is important to ensure that daily duties and responsibilities are not neglected. He added that since one can only work when healthy and fit, it is necessary to avoid drinking alcohol, which can affect health, and to consistently engage in daily physical activities. He noted that only then, with physical and mental well-being, can one successfully handle and overcome various duties and challenges with a strong body and a resilient mind. He further mentioned that to perform national defence and security duties, individuals must train to remain physically strong and fit, and performing one's individual daily responsibilities correctly is a form of training.

Also, he stated that personnel and family members need to be loyal to the State and the Tatmadaw. He added that since the time independence was gained, the Tatmadaw has protected the State from collapsing by sacrificing much life, blood, and sweat. He noted that our Tatmadaw must continue to maintain the fine historical traditions of standing firmly and defending at the absolute forefront against various difficulties encountered in the State throughout successive governments and eras. He further mentioned that as our personnel are those who bear the Four Oaths upon their heads, they must remain loyal to the State and the Tatmadaw.

He then stated that as supportive family members of military personnel, they also need to behave so as to be good partners for their own benefit, family benefit, and organizational benefit. He added that moreover, family members will be able to create welfare by balancing their income and expenditure, and they need to distinguish between necessary expenses and wasteful spending to ensure a balance between income and expenditure. He noted that as the Bahtoo region has a fertile soil type for cultivation, they need to strive to engage in small-scale agriculture and livestock farming. He further mentioned that only then will it greatly contribute to their welfare.

Regarding education, he stated that the Head of State places special emphasis on and encourages education, and serious attention is being paid to compulsory education up to KG+9 for every school-aged child, so as the only inheritance that military personnel and family members can give to their children is education, they need to place emphasis on making them educated.

Following the meeting, General Kyaw Swa Lin presented foodstuffs for the officers, other ranks, and family members of the station, which were accepted by the station commander. Similarly, the General's wife presented cash awards for the station's Maternal and Child Welfare Association, which were accepted by responsible officials. Afterwards, General Kyaw Swa Lin and party cordially greeted the officers, other ranks, and family members in attendance at the meeting, according to reports.

100

# Three more illegal 4-storey residential buildings used for online gambling fraud in Shwe Kokko region systematically demolished; 15 illegal buildings already destroyed

NAY PYI TAW May 29

The government has been systematically demolishing illegal buildings in Shwe Kokko and KK Park regions, where online gambling fraud operations were most rampant, to prevent such activities from continuing. Joint task forces have been clearing these areas, destroying confiscated equipment used in operations, and permanently demolishing illegal structures to prevent future crimes. Today, three additional illegal 4-storey residential buildings in the Shwe Kokko region were systematically demolished.

Out of 77 buildings used for online gambling fraud in Shwe Kokko, 57 are designated for demolition using machinery, and 20 for demolition by explosives, with destruction carried out systematically by building type.

Today, three of the 57 buildings scheduled for machine demolition—specifically, three 4-storey residential buildings—were systematically destroyed using vehicles and machinery. To date, a total of 15 buildings have been demolished, and the remaining 62 illegal buildings will continue to be systematically destroyed.

The government views the fight against online gambling fraud which poses a danger to neighbouring countries and the world as a national duty. To ensure these operations cannot take root in Myanmar, authorities are actively coordinating with both domestic forces and neighbouring governments.

100

An illegal building in the Shwe Kokko area, Myawady District, Kayin State, used for online gambling operations, destroyed by machinery.



# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin meets officers, other ranks and families of Bahtoo Station



Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin meets officers, other ranks and families of Bahtoo Station.

NAY PYI TAW May 29

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, accompanied by wife Daw Nang Kue Ku, senior military officers from the Office of the Commander-in-Chief and wives, the Eastern Command commander and officials, met officers, other ranks and families of Bahtoo Station at Aung San Hall this afternoon.




General Kyaw Swa Lin presents gifts for Tatmadaw members.

In his speech, the General expressed pleasure and honour to meet officers, other ranks and families of Bahtoo garrison town that is generating good human resources, vital for the Tatmadaw. He said he recognized the dedication of the instructors of the training schools of the Bahtoo Station.

Geographically, Myanmar is located between the two powers that are practicing different political systems. After the country regained independence, armed insurgency broke out resulting from disagreements based on political and racial issues. The Tatmadaw successfully crushed the armed insurgency together with the people.

Region-wise terrorist groups with different names including PDF terrorist group, a puppet of the illegal forced groups, CRPH and NUG, came into existence in the late 2021 due to the instigation of internal and external organizations and destructive media, which are against peace and stability, by taking differences in political views as an opportunity. The terrorist acts of PDF and certain EAOs were harming peace and stability, rule of law and regional development in some areas. Taking advantage of the situation, some EAOs were trying to extend territory. In this regard, the Tatmadaw in cooperation with families of units and battalions, members of Myanmar Police Force, and the people who want peace and stability, took area security measures with might and main, and finally, restored peace and

See Page - 20

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin inspects training schools, local regiments and units in Bahtoo Cantonment, comforts those receiving medical treatment at Tatmadaw hospital



General Kyaw Swa Lin inspects a hospital in Bahtoo Station.



General Kyaw Swa Lin hears a report on displays.

NAY PYI TAW May 29

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, accompanied by senior military officers from the Office of the Commander-in-Chief, the commander of the Eastern Command and officials, inspected training schools, local regiments and units, and the Tatmadaw hospital in Bahtoo Cantonment today.

At the trainee mess hall of the Tatmadaw (Army) Warrant Officer and Non-Commissioner Training School in Bahtoo Cantonment, the General inspected the storage of rations, meat, fish and vegetables at the stores, cooking process, and meal preparations. The General gave instructions on spraying for prevention of mosquito and flies in order to ensure the healthy conditions at the mess halls, systematically keeping rations neat and tidy, growing crops plantations of the mess halls, and providing nutritious meals for trainees under the set rates. The General cordially greeted the People's Military Servant trainees.

See Page - 19

● ကျောဖုံးမှအဆက်

ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ စာရင်းပေးသွင်းကြသည့် လူငယ်များအား ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)၏ သင်တန်းဆင်းပွဲအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြရာ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းကျောင်းခန်းမများ၌ တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်းသိရှိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကိုထမ်းဆောင်ကြရမည်ဖြစ်ရာ နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို နိုင်ငံကြီးသားပီသစွာနှင့် ကျေပွန်စွာ ထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ ထမ်းဆောင်နေကြပြီဖြစ်သည်။

ထိုသို့ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)တွင် တက်ရောက်ခဲ့ကြသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည် -


တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။


အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲကျင်းပစဉ်။


အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲကျင်းပစဉ်။


အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲကျင်းပစဉ်။


တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲကျင်းပစဉ်။


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲကျင်းပစဉ်။

“ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃)မှာရရှိခဲ့တဲ့ဆုကတော့ စစ်သည်တော်ကျင့်ဝတ်ဆုဖြစ်ပါတယ်။ ဒီဆုကိုရရှိဖို့အတွက် ဆရာသမားတွေရဲ့သွန်သင်ဆုံးမမှု၊ သင်ပြမှုအပါအဝင် ကျွန်တော်ကိုယ်တိုင်အားစိုက်မှုတွေနဲ့ ရရှိခဲ့တာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃)မှာ ကျွန်တော်ရရှိခဲ့တဲ့ အမှတ်တရအဖြစ်ဆုံးကတော့ ဒီဆုကိုရရှိခဲ့တဲ့အချိန်ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြင်မှာ ကျွန်တော်ကျောင်းတက်တုန်းကလည်း အတန်းတွေမှာဆိုရင် ပထမဆု၊ ဒုတိယဆုတွေကို အကြိမ်ပေါင်းများစွာရရှိသူတစ်ယောက်ဖြစ်ပါတယ်။ တပ်မတော်အတွင်းမှာ ဒီဆုကိုရရှိခဲ့တဲ့ ခံစားရတဲ့ခံစားချက်နဲ့တော့ လုံးဝခြားနားပါတယ်။ အပြင်လောကမှာရရှိခဲ့တဲ့ဆုတွေထက် ဒီဆုကိုရရှိတဲ့အချိန်မှာ ရရှိတဲ့ခံစားချက်က အများကြီးသာလွန်ပါတယ်၊ ဒီသင်တန်းမှာရောက်ရှိနေတဲ့ ညီအစ်ကိုတွေက ဘဝပေါင်းစုံ၊ အလွှာပေါင်းစုံမှ လူတွေအများကြီးရှိပါတယ်။ ဒီလူတွေနဲ့ သင့်မြတ်အောင်ပေါင်းသင်းဆက်ဆံ



ရတယ်။ အပြင်လောကမှာနဲ့၊ ဒီတပ်မတော်အတွင်းမှာနဲ့ နေထိုင်ရတာ အစစအရာရာ မတူပါဘူး။ အပြင်လောကမှာ စည်းစနစ်သိပ်မရှိဘူး။ တပ်မတော်အတွင်းမှာက မနက်မျက်လုံးဖွင့်ချိန်ကစပြီး စည်းစနစ်ကျဖို့လိုတယ်။ အချိန်ကနဲ့သတ်ချက်ရှိတယ်။ တပ်မတော်မှာ One For All ဆိုတဲ့ စကားလုံးရှိပါတယ်။ တစ်ယောက်မကောင်းဘူးဆိုရင် အကုန်လုံးမကောင်းပါဘူး။ တစ်ယောက်ချင်းစီကကောင်းမှ တပ်မတော်ကကောင်းမှာပါ။ ဒါကြောင့် ဒီအတွေ့အကြုံလေးတွေ ကျွန်တော်ရရှိခဲ့ပါတယ်”ဟုပြောသည်။



“သင်တန်းမှာရရှိခဲ့တဲ့ဆုကတော့ ချေမှုန်းရေးဆုဖြစ်ပါတယ်၊ ကိုယ်တစ်ယောက်တည်းကောင်းလို့တော့ မရပါဘူး။ ချေမှုန်းရေးဆုဆိုတာကတော့ ကိုယ့်နောက်လိုက်ရဲဘော်တွေကောင်းတာရယ် ဆရာကြီးတွေရဲ့ သင်ပြပေးတဲ့နည်းစနစ်တွေကို လိုက်နာကျင့်သုံးပြီးမှ ဒီဆုကိုရရှိခဲ့တာပါ။ အများကြီးပြောင်းလဲလာပါတယ်။ ကျွန်တော်တို့ အပြင်မှာနေရင် စည်းကမ်းမရှိနေတာက များတယ်။ စားတယ်။ သောက်တယ်။ အခုဒီမှာဆိုတော့ နေမှု ထိုင်မှုနဲ့ အပြောအဆိုတွေကအစ စည်းနဲ့ကမ်းနဲ့ နေထိုင်ရတယ်။ ပြောရဆိုရတယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ဘယ်လိုဆက်ဆံရတယ်ကအစ နည်းပြတွေက သင်ကြားဆုံးမတဲ့အတွက် ကျွန်တော်တို့အနေနဲ့ဂုဏ်ယူပါတယ်။ သင်တန်းဆင်းတော့ သင်ကြားပေးတဲ့နည်းပြများနဲ့ သင်တန်းအတူတက်ခဲ့တဲ့ ရဲဘော်ရဲဘက်တွေနဲ့ ခွဲခွာရတော့မယ့်အတွက်ကြောင့် ဝမ်းနည်းမိပါတယ်။ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ပေးဖို့ လိုတယ်လို့ ယုံကြည်ပါတယ်၊ နောက်တက်ရောက်မယ့် ညီငယ်တွေကိုလည်း တိုင်းပြည်ကိုကာကွယ်ရန်အတွက် ပြည်သူ့စစ်မှုထမ်းကို လာရောက်ထမ်းဆောင်တက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်”ဟုပြောသည်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရမည်းသင်းမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း မေ ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေးဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ပုတီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို မေလ ၂၈ ရက် နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပုတီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။ ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အဆိုပါပုတီးကုန်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် အရှည် ၂ ဒသမ ၆၅၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၈၆ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုနှစ် မေလ ၁၄ ရက်မှစတင် တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်း ဆောင်ရွက်မှု ၃၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မြစ်ကြီးနား မေ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို မေလ ၂၈ ရက် မွန်းလွဲပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းညွန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမောင်မြင့်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်နေသည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားသည်၊ ဆက်လက်၍ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းညွန့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ရက်၁၀၀ စီမံချက်ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ လိုအပ်ချက်များကို စီမံချက်များရေးဆွဲ၍ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြစ်ကြီးနားမြို့နယ် မော်ဖောင်း၊ နယ်မြေ(၇) ကျေးရွာတွင် ဆောင်ရွက်နိုင်ရေးရန်ပုံငွေများကိုပေးအပ်ရာ ကျေးရွာကိုယ်စားလှယ်များက လက်ခံရယူသည်။

ထို့နောက်ကျေးရွာကိုယ်စားလှယ်တစ်ဦးက စီမံကိန်းလုပ်ငန်းများနှင့်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ရက် ၁၀၀ စီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

(၄၀၃)

# သံတောင်ကြီးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**သံတောင်ကြီး မေ ၂၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ၂၀၂၆ – ၂၀၂၇ ပညာသင်နှစ်မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေလ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဗိုလ်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်နော်စဲဘွယ်ဖောက ပညာရေးကဏ္ဍသည် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်ပြီး ၂၀၂၆ – ၂၀၂၇ ပညာသင်နှစ် ဆောင်ပုဒ်ဖြစ်သည့် “နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့” ဆိုသည့်အတိုင်း ဆရာ၊ ဆရာမများ ကျောင်းသားမိဘများအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်နိုင်ရန်အတွက် ဒေသတွင်းရှိ အာဏာပိုင်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းမှ ဆရာတော်များ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးအောင်အောင်ပြည့်က မြို့နယ်အဆင့် ကျောင်းအပ်နှံခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်၂၀၂၆ – ၂၀၂၇ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေး သည့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံများ၊ ခဲတံ၊ ဘောပင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

(၄၀၆)

# စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်းနှင့် တိုက်ရိုက်မျိုးစေ့ချကိရိယာပေးအပ်ခြင်းကျင်းပ

**မြိတ် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ စိုက်ပျိုးနည်းပညာပြန့်ပွားရေးစင်တာခန်းမ၌ စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်းနှင့် တိုက်ရိုက်မျိုးစေ့ချကိရိယာပေးအပ်ခြင်းကို မေလ ၂၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြိတ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်က အဖွင့်အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြိတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူးတို့က မိုးစပါးစိုက်ပျိုးရာ၌ အသုံးပြုသည့် တိုက်ရိုက်မျိုးစေ့ချကိရိယာပစ္စည်းများကို တောင်သူများအား ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ မြိတ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဦးစီးမှူးများ၊ ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူလယ်သမားများ စုစုပေါင်း ၈၂ဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၁၂)

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကိုလိုက်နာရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်းမပြုလုပ်ရန်။

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်းလုံးဝမပြုလုပ်ရန်။

(ဂ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင်စွန့်ပစ်ရန်။

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## မလိုသောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

# ပဋိပက္ခတွေပြည့်နေတဲ့ ကမ္ဘာကြီးအတွက် တည်ငြိမ်မှုဆီသွားနိုင်မယ့် လမ်းကြောင်း(၃)ခု




လက်ရှိကမ္ဘာကြီးကိုကြည့်လိုက်ရင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ နည်းပညာနဲ့ ကုန်သွယ်ရေးဆိုင်ရာ အပြောင်းအလဲတွေ အရှိန်အဟုန်ကြီးကြီးနဲ့ ဖြစ်ပေါ်နေတယ်ဆိုတာ ဘယ်သူမဆို ခံစားမိကြမှာပါ။ အရင်တုန်းကလို တစ်နိုင်ငံတည်းက ကမ္ဘာကို ဦးဆောင်တဲ့စနစ်က အားနည်းလာနေပြီး နိုင်ငံကြီးတွေကြားမှာ အားပြိုင်မှုကပိုမိုပြင်းထန်လာနေပါတယ်။ ဒီလိုအခြေအနေမျိုးမှာ လူအများစိတ်ဝင်စားတဲ့ မေးခွန်းတစ်ခုက "ကမ္ဘာကြီးဘယ်တော့ပြန်တည်ငြိမ်မလဲ" ဆိုတာပါပဲ။ နောက်ထပ်အရေးကြီးတဲ့ မေးခွန်းက "အသစ်ဖြစ်လာမယ့်ကမ္ဘာ့စနစ်ကြီးထဲ ဘယ်နိုင်ငံက ဘယ်လိုနေရာယူမလဲ" ဆိုတာပါ။

ဒီမေးခွန်းတွေကိုဖြေဖို့ဆိုရင် လက်ရှိဖြစ်နေတဲ့ အဖြစ်အပျက်တွေကို တစ်ခုချင်းစီခွဲပြီး မကြည့်သင့်ပါဘူး။ အခုကမ္ဘာကြီးမှာဖြစ်နေတဲ့ ပြဿနာတွေဟာ တစ်ခုနဲ့တစ်ခုဆက်စပ်နေတဲ့ စနစ်အပြောင်းအလဲကြီးတစ်ခုရဲ့အစိတ်အပိုင်းတွေဖြစ်ပါတယ်၊ လူအများစုက စစ်ပွဲဆိုရင်တိုက်ခိုက်မှုတွေကိုပဲ တွေးကြပေမယ့် တကယ်တော့ ဒီဘက်ခေတ်ပဋိပက္ခတွေမှာ တိုက်ခိုက်မှုလုပ်တဲ့စစ်ရေးတင်သာမကဘဲ ကုန်သွယ်ရေးစစ်ပွဲ၊ ငွေကြေးစစ်ပွဲ၊ နည်းပညာအပြိုင်အဆိုင်၊ သဘာဝအရင်းအမြစ်အတွက် ယှဉ်ပြိုင်မှုတွေပါ ပါဝင်လာပါတယ်။

ဥပမာပြောရရင် အရှေ့အလယ်ပိုင်းမှာဖြစ်နေတဲ့ အမေရိကန်နဲ့ အစ္စရေးဘက်က အီရန်ကို ဖိအားပေးနေမှု၊ ရုရှားနဲ့ ယူကရိန်းစစ်ပွဲ၊ အမေရိကန်နဲ့ တရုတ်ကြား ကုန်သွယ်ရေးစစ်ပွဲတွေကို သီးခြားအဖြစ်အပျက်တွေအဖြစ်ပဲ မမြင်သင့်တော့ပါဘူး။ ဒီအရာတွေက ကမ္ဘာ့စနစ်အသစ်ကြီးတစ်ခု ပြန်လည်ဖွဲ့စည်းနေတဲ့ လုပ်ငန်းစဉ်ကြီးရဲ့ အစိတ်အပိုင်းတွေပါပဲ။ သမိုင်းကို ပြန်ကြည့်လိုက်ရင် ကမ္ဘာကြီးမှာ ဒီလိုမျိုးအကြီးစားပြောင်းလဲမှုတွေဟာ အချိန်အပိုင်းအခြားတစ်ခုခြားပြီး ထပ်ခါထပ်ခါ ဖြစ်ပေါ်လာတတ်တာကိုတွေ့နိုင်ပါတယ်။ ခန့်မှန်းခြေအားဖြင့် နှစ် ၇၀ ကနေ ၁၀၀ ကြားမှာ တစ်ကြိမ်လောက် ကမ္ဘာ့ခေါင်းဆောင်နိုင်ငံပြောင်းလဲသွားတဲ့ အကြီးစားအကျပ်အတည်းတွေ ဖြစ်ပေါ်တတ်ပါတယ်။ နှစ် ၄၀ ကနေ ၆၀ ကြားမှာ နည်းပညာနဲ့ စီးပွားရေးပုံစံအသစ်များစွာ ပေါ်လာတတ်ပြီး ၂၅ နှစ်ကနေ ၃၀ ကြားမှာတော့ အဲဒီစနစ်အတွင်း ဖွဲ့စည်းပုံတွေပြန်ပြောင်းတတ်ပါတယ်။

ဒါပေမဲ့ ဒီအချိန်ကာလတွေကို တိကျမှုရှိတဲ့ သမိုင်းစည်းမျဉ်းအဖြစ် မယူသင့်ပါဘူး။ သမိုင်းက စက်ဝိုင်းလို ပြန်လည်လှည့်ပတ်နေပေမယ့် အရှိန်က ပိုမြန်လာနေတယ်လို့ပဲမြင်နိုင်ပါတယ်။ အရင်ခေတ်တွေထက် အပြောင်းအလဲတွေက ပိုမိုမြန်ဆန်လာတာပါ။ ပြီးခဲ့တဲ့ နှစ် ၂၀၀ ကျော်ကို ပြန်ကြည့်မယ်ဆိုရင် ၁၈၁၅ ခုနှစ်ကနေ ၁၉၁၄ ခုနှစ်အထိက နပိုလီယံစစ်ပွဲတွေပြီးနောက် ဗြိတိန်က ပင်လယ်ရေကြောင်းနဲ့ ငွေကြေးစနစ်ကို အုပ်စိုးထားတဲ့ခေတ်ဖြစ်ပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးကိုတိုးချဲ့လာပြီး စက်မှုတော်လှန်ရေးကိုစတင်ခဲ့တဲ့ အချိန်လည်းဖြစ်ပါတယ်။

၁၉၁၄ ခုနှစ်ကနေ ၁၉၄၅ ခုနှစ်အထိကတော့ ကမ္ဘာ့စနစ်ပျက်စီးသွားတဲ့ ခေတ်လို့ပြောနိုင်ပါတယ်။ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်၊ စီးပွားရေးပျက်ကပ်ကြီးနဲ့ အင်ပါယာတွေ၊ အယူဝါဒတွေကြား တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါတယ်။ ၁၉၄၅ ခုနှစ်ကနေ ၁၉၉၁ ခုနှစ်အထိမှာတော့ အမေရိကန်နဲ့ ဆိုဗီယက်ယူနီယံတို့ ဦးဆောင်တဲ့ နှစ်ဖက်စခန်းခွဲကမ္ဘာဖြစ်လာပါတယ်။ ဒီကာလဟာ စစ်အေးတိုက်ပွဲခေတ်ဖြစ်ပြီး ဒေါ်လာစနစ်အားကောင်းလာသလို စစ်ရေးမဟာမိတ်အဖွဲ့တွေ ပိုမိုတည်ငြိမ်လာခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိကတော့ အမေရိကန်တစ်နိုင်ငံတည်းက အင်အားကြီးတဲ့ Unipolar Globalization ခေတ်ဖြစ်ပါတယ်။ ကမ္ဘာကြီးက လွတ်လပ်တဲ့ဈေးကွက်စနစ်ကို ယုံကြည်လာပြီး တစ်ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်တွေ အလွန်တိုးချဲ့လာခဲ့ပါတယ်။

ဒါပေမဲ့ ၂၀၀၈ ခုနှစ်မှာဖြစ်ပွားတဲ့ ဘဏ္ဍာရေးအကျပ်အတည်းကနေစပြီး အဲဒီစနစ်မှာအက်ကွဲမှုတွေပေါ်လာခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ အမေရိကန်နဲ့ တရုတ် ကုန်သွယ်ရေးစစ်ပွဲဖြစ်လာတယ်။ နောက်ပိုင်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါက ထပ်ရိုက်ခတ်လိုက်တယ်။ ဒီအရာတွေကြောင့် ကမ္ဘာကြီးဟာ အုပ်စုကွဲခြင်း၊ စနစ်ကွဲခြင်း ပိုမိုမြန်ဆန်လာခဲ့ပါတယ်၊ ၂၀၀၈ ခုနှစ်ကို လက်ရှိစနစ်မတည်ငြိမ်မှုရဲ့ စတင်ချိန်အဖြစ်မှတ်ယူမယ်ဆိုရင် ဒီအခြေအနေက မကြာခင်ပြီးသွားမယ့်ပုံတော့မရှိသေးပါဘူး။ သမိုင်းပုံစံတွေကိုနှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဒီအပြောင်းအလဲပြီးဆုံးဖို့ ၂၅ နှစ်ကနေ နှစ်ပေါင်း ၃၀ လောက်အထိကြာနိုင်ပါတယ်။ အဲဒီလိုဆိုရင် ၂၀၃၃ ခုနှစ်ကနေ ၂၀၃၈ ခုနှစ်ဝန်းကျင်အရောက်မှာ ကမ္ဘာကြီးပိုတည်ငြိမ်လာနိုင်တဲ့ အခြေအနေကိုမြင်ရနိုင်ပါတယ်။

ဒါဟာ တိကျတဲ့ဟောကိန်းတော့မဟုတ်ပါဘူး။ ဒါပေမဲ့ ကမ္ဘာ့စနစ်အသစ် ဘယ်လိုဖွဲ့စည်းလာမလဲဆိုတာကို နားလည်ဖို့အသုံးဝင်တဲ့ အတွေးဘောင်တစ်ခုတော့ဖြစ်ပါတယ်။ အနာဂတ်မှာ မက်ခရိုဒေသကြီးတွေ ပိုမိုထင်ရှားလာနိုင်ပါတယ်။ အမေရိကန်ဦးဆောင်တဲ့စနစ်တစ်ခု၊ တရုတ်ကို ဗဟိုပြုတဲ့ ထုတ်လုပ်ရေးစနစ်တစ်ခု၊ အိန္ဒိယဗဟိုပြုစနစ်၊ ဥရောပစနစ်၊ အရှေ့အလယ်ပိုင်းစွမ်းအင်နဲ့ ငွေကြေးဇုန်၊ အာဖရိက သဘာဝအရင်းအမြစ်ဇုန် စတဲ့အုပ်စုကြီးတွေပေါ်လာနိုင်ပါတယ်။ ဒါပေမဲ့ အင်အားဗဟိုချက်တွေများလာတာက တည်ငြိမ်မှုကို အလိုအလျောက် မပေးနိုင်ပါဘူး။ အဲဒီအတွက်နောက်ဆုံးမှာ အင်အားအကြီးဆုံးစနစ်တစ်ခု ဒါမှမဟုတ် နှစ်ခုလောက်သာ ထင်ရှားလာတဲ့အချိန်မှ တည်ငြိမ်မှုပိုမိုရရှိလာနိုင်ပါတယ်။ အဓိကအားဖြင့် အနာဂတ်မှာဖြစ်လာနိုင်တဲ့ လမ်းကြောင်း(၃)ခုရှိပါတယ်။

ပထမလမ်းကြောင်းက အမေရိကန်က အရင်လို ပြန်လည်အုပ်စိုးလာနိုင်တဲ့အခြေအနေပါ။ ဒါပေမဲ့ ဒီအခြေအနေက ဖြစ်နိုင်ခြေနည်းပါတယ်။ ဘာလို့လဲဆိုတော့ တရုတ်က စက်မှု၊ နည်းပညာ၊ ငွေကြေးအင်အားတွေအလွန်ကြီးထွားလာပြီး ၁၉၉၀ ပြည့်နှစ်တွေလို အမေရိကန်တစ်နိုင်ငံတည်းက ကမ္ဘာကြီးကို ဦးဆောင်နိုင်တဲ့ခေတ်ပြန်လာဖို့ခက်ခဲနေပါပြီ။

ဒုတိယလမ်းကြောင်းကတော့ တရုတ်က ကမ္ဘာ့စနစ်အသစ်ရဲ့ အဓိကဗဟိုချက်ဖြစ်လာမယ့်အခြေအနေပါ။ ဒီအခြေအနေက ပိုဖြစ်နိုင်ခြေရှိနေပေမယ့် တိုတောင်းတဲ့အချိန်အတွင်းဖြစ်လာဖို့တော့ မလွယ်သေးပါဘူး။ တရုတ်အနေနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ငွေကြေးစနစ်၊ နည်းပညာစံနှုန်းတွေနဲ့ ယဉ်ကျေးမှုဩဇာတွေကို ပိုမိုတိုးချဲ့နိုင်ဖို့ လိုအပ်နေသေးပါတယ်။

တတိယလမ်းကြောင်းက အလားအလာအများဆုံးဖြစ်ပါတယ်။ အဲဒါကတော့ ကမ္ဘာကြီးဟာ အမေရိကန်ဦးဆောင်တဲ့စနစ်တစ်ခုနဲ့ တရုတ်ဗဟိုပြုစနစ်တစ်ခုဆိုပြီး နှစ်ဖက်အင်အားကြီးစနစ်တွေကြားမှာ ခွဲခြားတည်ရှိနေမယ့်ပုံစံပါ။ နိုင်ငံတွေကလည်း သူတို့ရဲ့ အကျိုးစီးပွားအလိုက် ဒီလိုမျိုးအင်အားဗဟိုချက်နှစ်ခုအနက် တစ်ခုဆီကို တဖြည်းဖြည်းရွေ့သွားနိုင်ပါတယ်။ ဒီအခြေအနေမှာတော့ တရုတ်ဘက်က အားသာချက် နည်းနည်းပိုရှိနေတယ်လို့ မြင်တွေ့နိုင်ပါတယ်။

အမေရိကန်နိုင်ငံကတော့ ယနေ့အချိန်အထိ ကမ္ဘာ့ဘဏ္ဍာရေးနဲ့ နည်းပညာစနစ်အများစုကို ထိန်းထားနိုင်ဆဲဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိကမ္ဘာကြီးမှာ လိုအပ်နေတာက ရေရှည်တည်ငြိမ်မှုပါ။ နည်းပညာစနစ်တွေ ချိတ်ဆက်အသုံးပြုနိုင်ဖို့၊ ပိတ်ဆို့အရေးယူမှုတွေကနေကာကွယ်နိုင်ဖို့၊ ငွေကြေးအန္တရာယ်ကို လျှော့ချနိုင်ဖို့၊ နိုင်ငံရေးတည်ငြိမ်မှုနဲ့ သဘာဝအရင်းအမြစ်လုံခြုံမှုတွေရှိဖို့လိုအပ်နေပါတယ်။ မေလအတွင်း တရုတ်နိုင်ငံက အမေရိကန်နဲ့ ရုရှားတို့နဲ့ အဆင့်မြင့်အစည်းအဝေးတွေကို ဆက်တိုက်ဆိုသလို ပြုလုပ်ခဲ့တာဟာသင်္ကေတအရ အရေးကြီးပါတယ်။ အမေရိကန်နဲ့တွေ့ဆုံမှုက နှစ်နိုင်ငံဆက်ဆံရေး ဘယ်အတိုင်းအတာ အထိသွားကြမလဲဆိုတာသတ်မှတ်ဖို့ ကြိုးစားတာဖြစ်နိုင်ပါတယ်။ ရုရှားနဲ့တွေ့ဆုံမှုကတော့ အနာဂတ် မဟာမက်ခရိုဒေသကြီးတစ်ခုကို တည်ဆောက်ဖို့ မဟာမိတ်ပိုမိုခိုင်မာလာစေအောင် လုပ်ဆောင်တဲ့သဘောမျိုးဖြစ်နေပါတယ်။

တရုတ်က ကမ္ဘာကြီးကို အဆင့်မြင့်စက်မှုလုပ်ငန်း၊ နည်းပညာနဲ့ ရေရှည်ရင်းနှီးမြှုပ်နှံမှုအတွက် အစီအစဉ်ကျတဲ့ အမြင်တွေပေးနိုင်ပါတယ်၊ ရုရှားနိုင်ငံကတော့ စွမ်းအင်၊ သဘာဝအရင်းအမြစ်နဲ့ စစ်ရေးစွမ်းရည်အင်အားတွေကြောင့် ယူရေးရှားနဲ့ တရုတ်ဗဟိုပြုစနစ်အတွက်အရေးကြီးတဲ့ မဟာဗျူဟာနောက်ခံအင်အားဖြစ်လာနိုင်ပါတယ်။ ပြောရရင် လက်ရှိကမ္ဘာကြီးက အကြီးစားအပြောင်းအလဲတစ်ခုရဲ့ အလယ်မှာရောက်နေပါတယ်။ သေးငယ်တဲ့နိုင်ငံတွေအတွက်လည်း ဒီအပြောင်းအလဲဟာ စိန်ခေါ်မှုကြီးတစ်ခုဖြစ်ပါတယ်။ အရင်လိုနိုင်ငံရေးအရ တစ်ဖက်တည်းကို အပြည့်အဝမှီခိုပြီး ရပ်တည်ဖို့ခက်ခဲလာနိုင်ပါတယ်။ အနာဂတ်မှာ နိုင်ငံအသေးတွေ အောင်မြင်ဖို့ဆိုရင် ဘက်စုံဆက်ဆံရေး၊ နည်းပညာတိုးတက်မှု၊ ပညာရေးနဲ့ ဒစ်ဂျစ်တယ်စီးပွားရေးအပေါ် အာရုံစိုက်ဖို့လိုအပ်လာနိုင်ပါတယ်။ အထူးသဖြင့်လူငယ်အင်အား၊ နည်းပညာကျွမ်းကျင်မှုနဲ့ ပထဝီဝင်အရေးပါမှုတွေကို မှန်ကန်စွာအသုံးချနိုင်တဲ့နိုင်ငံတွေက စနစ်အသစ်ထဲမှာ ပိုမိုအကျိုးရှိနိုင်ပါတယ်။

အဆုံးမှာတော့ ကမ္ဘာကြီးဟာ "ဘယ်သူအနိုင်ရမလဲ" ဆိုတဲ့ မေးခွန်းတစ်ခုတည်းနဲ့ ရှင်းလို့မရတော့ပါဘူး။ အဓိကမေးခွန်းက "ဘယ်လိုစနစ်က လူသားအဖွဲ့အစည်းအတွက် ပိုမိုတည်ငြိမ်ပြီး ရေရှည်ခံနိုင်မလဲ" ဆိုတာဖြစ်လာပါတယ်။ လက်ရှိအချိန်ဟာ မတည်ငြိမ်မှုတွေ၊ အုပ်စုကွဲမှုတွေ၊ ပြိုင်ဆိုင်မှုတွေ ပြင်းထန်နေတဲ့ကာလဖြစ်ပေမယ့် ဒီအရာတွေဟာ အနာဂတ်ကမ္ဘာ့စနစ်အသစ်တစ်ခု မွေးဖွားလာဖို့ လိုအပ်တဲ့ နာကျင်မှုဖြစ်စဉ်တစ်ခုလည်းဖြစ်နိုင်ပါတယ်။ သမိုင်းတစ်လျှောက် အင်ပါယာတွေပေါ်လာခဲ့သလို ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒါပေမဲ့ လူသားအဖွဲ့အစည်းကတော့ စနစ်အသစ်တွေကိုအမြဲတမ်း ပြန်လည်တည်ဆောက်နိုင်ခဲ့ပါတယ်၊ လက်ရှိကမ္ဘာကြီးလည်း အဲဒီလိုပဲ နောက်ထပ်စနစ်အသစ်တစ်ခုဆီ တဖြည်းဖြည်းရွေ့လျားနေတယ်လို့ပြောနိုင်ပါတယ်။ ။

**Ref: SCMP**

**ထက်မြတ်**

# ကမ္ဘောဒီးယားတွင် မိုးကြိုးပစ်မှုကြောင့် လယ်သမားသုံးဦးသေဆုံး

**ဖနွမ်းပင်၊ သဘာဝဘေး**

ကမ္ဘောဒီးယားနိုင်ငံ အနောက်ပိုင်းရှိ ပူအာဆတ်ပြည်နယ်၌ မိုးကြိုးပစ်မှုကြောင့် လယ်သမားသုံးဦးသေဆုံးကြောင်း ဒေသခံရဲတပ်ဖွဲ့၏အစီရင်ခံစာကိုကိုးကား၍ Xinhua သတင်းဌာနက မေလ ၂၉ ရက်တွင် ဖော်ပြထားသည်။ မေလ ၂၈ ရက်နေ့လယ်ပိုင်းတွင် ဘာကန်ခရိုင်မီတုကျေးရွာ၌ မိုးကြိုးမုန်တိုင်းဖြစ်ပွားစဉ် လယ်သမားသုံးဦးသည် စပါးစိုက်ရန်ပျိုးကြဲနေချိန် မိုးကြိုးထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် မေလ ၂၈ ရက်နေ့လယ်ပိုင်းမှာပင် နိုင်ငံအရှေ့မြောက်ပိုင်း ရတနာကီရီပြည်နယ် လွမ်ဖတ်ခရိုင်၌ မိုးကြိုးပစ်မှုကြောင့် နွား ၁၉ ကောင် သေဆုံးကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် မိုးရာသီကာလဖြစ်သည့် မေလမှ အောက်တိုဘာလအထိ မိုးကြိုးပစ်မှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး မိုးကြိုးပစ်မှုကြောင့် လူ ၄၅ ဦးနှင့် တိရစ္ဆာန် ၇၁ ကောင် သေဆုံးထားကြောင်း သိရသည်။ **Ref: Xinhua**

# အမေရိကန်နှင့် မည်သည့်နားလည်မှုစာချွန်လွှာမျှရရှိထားခြင်းမရှိဟု အီရန်ငြင်းဆို




**တီဟီရန်၊ ငြိမ်းချမ်းရေး**

အမေရိကန်နိုင်ငံနှင့်အီရန်နိုင်ငံတို့ကြား မည်သည့်နားလည်မှုစာချွန်လွှာမျှရရှိထားခြင်းမရှိကြောင်း အီရန်အစိုးရတာဝန်ရှိသူများ၏ပြောဆိုချက်ကိုကိုးကား၍ Tasnim သတင်းဌာနက ထုတ်ပြန်ထားသည်။ ထိုနှစ်နိုင်ငံကြား အဆိုပြုထားသော နားလည်မှုစာချွန်လွှာကို အပြီးသတ်နိုင်ခဲ့ပြီဖြစ်ပြီး အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဘက်က အတည်ပြုမှုတစ်ခုသာကျန်တော့ကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် ထိုသတင်းများကို အီရန်ဘက်က ငြင်းဆိုခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါနားလည်မှုစာချွန်လွှာပါ အချက်အလက်များနှင့် ပတ်သက်၍ တစ်ဖက်နှင့်တစ်ဖက်ဆွေးနွေးဆဲဖြစ်ကြောင်းနှင့် အပြီးမသတ်နိုင်သေးကြောင်း အီရန်၏ဆွေးနွေးပွဲကိုယ်စားလှယ်အဖွဲ့နှင့်နီးကပ်သော သတင်းအရင်းအမြစ်တစ်ခုက ပြောထားသည်။

အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့က လက်ရှိအသက်ဝင်နေဆဲဖြစ်သော အပစ်အခတ်ရပ်စဲရေးကို နောက်ထပ်ရက်ပေါင်း ၆၀ သက်တမ်းတိုးရန်နှင့် အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ စတင်ဆွေးနွေးရန် သဘောတူညီချက်တစ်ခုရရှိခဲ့ပြီဖြစ်ကြောင်း၊ သို့သော်အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ အတည်ပြုမှုကျန်ရှိနေသေးကြောင်း Axio သတင်းဌာနက အမေရိကန်တာဝန်ရှိသူများ၏ပြောဆိုချက်ကို ကိုးကား၍ မေလ ၂၈ ရက်တွင်ထုတ်ပြန်ထားသည်။ ထို့ပြင် နားလည်မှုစာချွန်လွှာတွင် ဟော်မုရေလက်ကြားကို မည်သည့်အတားအဆီးမျှမရှိဘဲ ပြန်ဖွင့်ရေးဆောင်ရွက်ရန်ပါဝင်ကြောင်းသိရသည်။ **Ref: Xinhua**

# ပိုလန်သမ္မတက ဇီလန်စကီအားချီးမြှင့်သည့် အမြင့်ဆုံးအဆင့် ဂုဏ်ထူးဆောင်ဆုကို ပြန်ရုပ်သိမ်းရန်ပြင်ဆင်နေ

**ဝါဆော၊ နိုင်ငံရေး**

ပိုလန်သမ္မတက ပိုလန်နိုင်ငံအနေဖြင့် ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီအား ချီးမြှင့်ထားသည့် နိုင်ငံ၏အမြင့်ဆုံးဂုဏ်ထူးဆောင်ဆုကို ပြန်ရုပ်သိမ်းရန်ပြင်ဆင်နေကြောင်း မေလ ၂၉ ရက်တွင်ပြောထားသည်။ ယူကရိန်းအစိုးရက ဒုတိယကမ္ဘာစစ်တွင် ပိုလန်နိုင်ငံသားများကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် အမျိုးသားရေးအင်အားစု၏အမည်ကို တပ်ဖွဲ့တစ်ဖွဲ့၏အမည်အဖြစ် ပြောင်းလဲပြီးနောက် ပိုလန်သမ္မတက ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

ပိုလန်နိုင်ငံသည် ရုရှားနှင့်ယူကရိန်းတို့ကြားဖြစ်ပွားနေသည့် ပဋိပက္ခကာလတစ်လျှောက်တွင် ယူကရိန်းနိုင်ငံကို အခိုင်အမာထောက်ပံ့ပေးခဲ့သည့်နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ယူကရိန်းသမ္မတကို Order of the White Eagle ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ယခုယူကရိန်းအစိုးရက အထူးတပ်ဖွဲ့တစ်ဖွဲ့၏အမည်အဖြစ် သတ်မှတ်ပေးလိုက်သော UPA အဖွဲ့သည် ပိုလန်နိုင်ငံသားတစ်သိန်းခန့်ကို သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: ST**

# အီဘိုလာရောဂါ ကူးစက်ခံရသည့် ပထမဆုံးအတည်ပြုလူနာ ပြန်လည်သက်သာလာဟု WHO ကြေညာ

**ဂျီနီဗာ၊ ကျန်းမာရေး**

ကွန်ဂိုနိုင်ငံ၌ဖြစ်ပွားနေသည့် အီဘိုလာရောဂါကူးစက်မှုအတွင်း ပထမဆုံးအတည်ပြုလူနာတစ်ဦး ပြန်လည်သက်သာလာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က မေလ ၂၉ ရက်တွင် ကြေညာထားသည်။ WHO မှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အန်းနေ့လီဂန်းက အီဘိုလာရောဂါကူးစက်ခံရသူ လူနာတစ်ဦးမှာ မေလ ၂၇ ရက်တွင် ပြန်လည်သက်သာလာပြီဖြစ်သည့်အတွက် ဆေးရုံဆင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်းပြောသည်။

အဆိုပါလူနာသည် ဓာတ်ခွဲအတည်ပြုထားသော အီဘိုလာရောဂါကူးစက်လူနာများအနက် ပထမဆုံးပြန်လည်သက်သာလာသူဖြစ်ကြောင်း WHO ကဆိုသည်။ ထိုလူနာသည် စစ်ဆေးစမ်းသပ်မှုနှစ်ကြိမ်စလုံးတွင် ရောဂါပိုးမရှိဟူသောရလဒ်ရမှသာ ဆေးရုံမှဆင်းခွင့်ရရှိခြင်းဖြစ်သည်။

WHO ၏အချက်အလက်များအရ ကွန်ဂို၌ အီဘိုလာအတည်ပြုလူနာ ၁၂၅ ဦးနှင့် သံသယလူနာ ၉၀၀ ကျော်ရှိပြီး အတည်ပြုသေဆုံးသူ ၁၇ ဦးနှင့် အီဘိုလာကြောင့်ဟု သံသယဖြင့်သေဆုံးသူ ၂၂၃ ဦးရှိကြောင်း သိရသည်။ **Ref: AGC**

# အပူချိန်မြင့်တက်နေစဉ် အင်္ဂလန်နိုင်ငံရှိ ဒေသအချို့၌ သောက်ရေပြတ်လပ်မှုဖြစ်ပေါ်



**လန်ဒန်၊ သဘာဝဘေး**

အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်းရှိဒေသအချို့၌ အပူချိန်မြင့်တက်နေစဉ် သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်နေကြောင်း သိရသည်။ သောက်သုံးရေပြတ်လပ်မှုကို ရင်ဆိုင်ရသူပမာဏအမြင့်ဆုံးအနေဖြင့် လူ ၂၀၀၀၀ ကျော်ရှိကြောင်း၊ ၎င်းတို့အနက် ၈၀၀၀ ကျော်မှာ ဝှစ်စတေဘယ်ကမ်းရိုးတန်းမြို့မှဖြစ်ကြောင်းနှင့် အဆိုပါရေပြတ်လပ်မှုဒုက္ခကြုံနေရသူများသည် အရေးပေါ်သောက်သုံးရေထောက်ပံ့ရေးနေရာများ၌ တန်းစီနေရကြောင်း တာဝန်ရှိသူတစ်ဦးက မေလ ၂၉ ရက်တွင်ပြောသည်။

ဗြိတိန်နိုင်ငံသည် အခြားသောဥရောပဒေသရှိနိုင်ငံများကဲ့သို့ပင် ပြီးခဲ့သည့်သီတင်းပတ်တွင် အပူလှိုင်းဖြတ်သန်းမှုနှင့်ရင်ဆိုင်ထားရပြီး မိုးရွာသွန်းမှုလည်းနည်းပါးသောကြောင့် ရေလှောင်ကန်များတွင်ရေနည်းပါးနေခြင်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီကထုတ်ပြန်ထားသည်။

ယခုကဲ့သို့ သောက်သုံးရေပြတ်လပ်မှုအတွက် ဒေသခံအချို့က ရေပေးဝေရေးကုမ္ပဏီများကို အပြစ်ဖို့ထားသော်လည်း South East Water ကုမ္ပဏီကမူ အပူချိန်မြင့်မားသည့်အတွက် ရေသုံးစွဲမှုမြင့်တက်လာကြောင်း၊ မေလ ၂၇ ရက်တွင် လူဦးရေ ၂ ဒသမ ၃ သန်းအတွက် ရေလီတာပေါင်း ၆၂၈ သန်းတင်ပေးခဲ့ကြောင်း၊ ထိုပမာဏသည် ပုံမှန်ထက် လီတာသန်း ၁၀၀ ပိုများကြောင်းနှင့် ရေစုရာနေရာများတွင်လည်း ရေနည်းနေပြီဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ **Ref: ST**

# အမေရိကန်က ကျူးဘားနိုင်ငံ၌ အစိုးရအပြောင်းအလဲဖြစ်ရန်လုပ်နေဟုဆို

**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့သည် ကျူးဘားနိုင်ငံ၌ အစိုးရအပြောင်းအလဲဖြစ်ရန် အရှိန်တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ အထူးသဖြင့် ကျူးဘားနိုင်ငံအပေါ် စီးပွားရေးအရ ဖိအားပေးရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သတင်းအရင်းအမြစ်များ၏ ပြောဆိုချက်ကို ကိုးကား၍ Axio သတင်းဌာနက မေလ ၂၉ ရက်တွင်ထုတ်ပြန်ထားသည်။ ကျွန်းနိုင်ငံဖြစ်သည့် ကျူးဘားနိုင်ငံ၌ လက်ရှိတွင် လောင်စာဆီပြတ်လပ်မှုဖြစ်ပေါ်နေသည့်အတွက် နေ့စဉ်လျှပ်စစ်မီးပြတ်တောက်မှုမှာ နာရီ ၂၀ နီးပါးအထိရှိလာနေပြီဖြစ်သည်။

ထိုအချိန်တွင် အမေရိကန်အစိုးရသည် ကျူးဘားနိုင်ငံသို့ စစ်ရေးအရတိုက်ရိုက်ဝင်ရောက်ခြင်းမပြုဘဲ ယင်းနိုင်ငံအတွင်း အခက်အခဲများ ပိုမိုဖြစ်ပေါ်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ သတင်းအရင်းအမြစ်များက ပြောသည်။ လက်ရှိအချိန်တွင် အမေရိကန်သမ္မတအနေဖြင့် တစ်ဖက်၌ အီရန်နှင့် ဆွေးနွေးမှုများလုပ်နေရသည့်အတွက် ကျူးဘားကိစ္စကိုအချိန်ဆွဲနေရခြင်းသာဖြစ်ကြောင်းနှင့် အခြေအနေပေးသည့်အချိန်တွင် လိုအပ်သည့်အဆင့်များကို အရှိန်အဟုန်ပြင်းစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။ **Ref: RT**



# ခိုလမ်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်


အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။


ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် မေ ၂၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့၊ (၆)မိုင်ကျေးရွာရှိ မဟာရတနာဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာရှိဒေသခံပြည်သူ ၁၆၈ ဦးတို့ကို နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ မျက်စိရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား ခိုလမ်မြို့ရှိတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၊ ကမာကလူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၄၃ ဦးတို့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ပရိယတ္တိစာသင်တိုက်၌အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် (ပထမ)အကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ကျောင်းသားတစ်ဦးအား ပညာသင်စရိတ်ပေးအပ်စဉ်။


အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ကျောင်းသားတစ်ဦးအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။

နေပြည်တော် မေ ၂၉

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် တပ်မတော်သားမိသားစုဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် (ပထမ)အကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဇေယျဝတီခန်းမနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမတို့၌ ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများက အမှာစကားများပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်နှင့်အခြေခံပညာအဆင့်ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ရာကျောင်းသား၊ ကျောင်းသူများက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ကျောင်းသားတစ်ဦးအား ပညာသင်စရိတ်ပေးအပ်စဉ်။

အလားတူ တိုင်းစစ်ဌာနချုပ်များကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များတွင်လည်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများအား (ပထမ)အကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ၊ ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်


တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုရရှိသော အုတ်တွင်းတပ်နယ်အသင်းအား ဒိုင်းဆုပေးအပ်စဉ်။

နေပြည်တော် မေ ၂၉

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အုတ်တွင်းမြို့နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ နယ်မြေခံတပ်နယ်မှတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုကျင်းပပြုလုပ်ရာ တိုင်းမှူးကိုယ်စား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုရရှိသွားသော အုတ်တွင်းတပ်နယ်အသင်းနှင့် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုများကို ဆုများအသီးသီးပေးအပ်သည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှပြိုင်ပွဲဝင်အသင်း(၁၀)သင်းဖြင့် မေလ ၂၀ ရက်နေ့မှ ယနေ့အထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နွေရာသီအခြေခံရေကူးသင်တန်းအမှတ်စဉ်(၂/၂၀၂၆) သင်တန်းဆင်းပွဲနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ



နေပြည်တော် မေ ၂၉

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအခြေခံရေကူးသင်တန်းအမှတ်စဉ် (၂/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက အသက် ၁၆ နှစ်အထက် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အသက် ၁၂ နှစ်အထက်နှင့် ၁၂ နှစ်အောက်အမျိုးသား၊ အမျိုးသမီး သင်တန်းသား၊ သင်တန်းသူများကို တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုဆုကြေးငွေများကိုလည်းကောင်း၊ ပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများကို ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် အခမဲ့ရေကူးခွင့် Member Card များကိုလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် အားကစားရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ မြို့တော်ဂေါက်ကွင်း၌ကျင်းပသည့် Nay Pyi Taw Amateur & Junior Open Championship ဂေါက်သီးရိုက် ပြိုင်ပွဲဖွင့်ပွဲ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ပြိုင်ပွဲသို့ ဝါသနာရှင်အဆင့် အားကစားသမား ၈၀ ဦး၊ Junior အဆင့် ကစားသမား ၅၀ ဦး စုစုပေါင်း ၁၃၀ ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး မေလ ၂၉ ရက်မှ ၃၁ ရက်အထိကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ကရင်ပြည်နယ်လူငယ်စင်တာ၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှုများ ကြည့်ရှုအားပေး



ဘားအံ မေ ၂၉

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီးရှိကရင်ပြည်နယ်လူငယ်စင်တာ၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်ရေးရာ လှုပ်ရှားဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ် GYM အားကစားခန်းမ လှာကမြင်ကွက်သစ် ဖွဲ့ကပင်မိုးလုံလေလုံအားကစားရုံ၌ ကရင်ပြည်နယ်လက်ရွေးစင် ဘော်လီဘောအသင်း၏ သရုပ်ပြယှဉ်ပြိုင်ကစားမှု၊ မြန်မာ့ရိုးရာလက်ဝှေ့ အခြေခံသင်တန်းသားများ၏ လက်ဝှေ့ရေးနှင့် သတ်(၉)သတ် သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးပြီး ရိုးရာလက်ဝှေ့သင်တန်းသား၊ သင်တန်းသူ လူငယ်များနှင့် နည်းပြအုပ်ချုပ်သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် ၄ ထပ်လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၁၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် မေ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကိုအများဆုံးအခြေချလုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအားအသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်းမပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိတရားမဝင်၄ထပ်လူနေအဆောက်အအုံ ၃ လုံးအား ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။




ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဖြင့် အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းဖြစ်ကြောင်း သိရှိရသည်။


ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် ၄ ထပ်လူနေအဆောက်အအုံ ၃ လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၁၅ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော ယန္တရားဖြင့် ဖျက်ဆီးခဲ့သည့် တရားမဝင် အဆောက်အအုံ

မဖြိုဖျက်မီ



ဖြိုဖျက်ပြီး



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖြိုချဖျက်ဆီးမှု

မဖြိုဖျက်မီ



ဖြိုဖျက်ပြီး



# ရီးယဲလ်မက်ဒရစ်အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တိုက်စစ်ကစားသမား အမ်ဘတ်ပီဆွတ်ခူး







မက်ဒရစ် မေ ၂၉

ယခုဘောလုံးရာသီ ရီးယဲလ်မက်ဒရစ်အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တိုက်စစ်ကစားသမား အမ်ဘတ်ပီက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ယခုဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ရလဒ်မတည်ငြိမ်မှုများကြောင့် နှစ်ရာသီဆက် ဆုဖလားလက်မဲ့ရာသီနှင့် တွေ့ကြုံခဲ့ရသော်လည်း အမ်ဘတ်ပီသည် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အမ်ဘတ်ပီသည် ယခုဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၇ ပွဲပါဝင်ကစားခဲ့ကာ ၄၃ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုခြောက်ကြိမ်ပြုလုပ်နိုင်သည်အထိ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အသင်းဖော်များဖြစ်သည့် ဗင်နီစီးယက်နှင့် ဗယ်ဗာဒီတို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အမ်ဘတ်ပီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ယခုဘောလုံးရာသီတွင် အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို နှစ်ရာသီဆက် ဆွတ်ခူးနိုင်ခြင်းဖြစ်ပြီး ဥရောပထိပ်တန်းလိဂ်ငါးခုတွင်လည်း ဟယ်ရီကိန်းနှင့် ဟာလန်းတို့နောက်တွင် တတိယမြောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်းသိရသည်။ *Ref;Fabrizio Romano*

# အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းရသည့်ဝက်စ်ဟမ်းအသင်း ဘဏ္ဍာရေးစည်းမျဉ်းနှင့်မငြိစွန်းရန် အသင်းမှအဓိက ကစားသမားများကို ရောင်းချရမည်

လန်ဒန် မေ ၂၉

ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရသည့် ဝက်စ်ဟမ်းအသင်းအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းနှင့် မငြိစွန်းစေရန် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှအဓိက ကစားသမားများကိုရောင်းချရမည်ဖြစ်ပြီး ဝင်ငွေစတာလင်ပေါင် သန်း ၁၅၀ အထိရှာဖွေရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ဝက်စ်ဟမ်းအသင်းသည် ယခုဘောလုံးရာသီတွင် စံချိန်တင်ရလဒ်များဆိုးရွားခဲ့ပြီး ရာသီနောက်ဆုံးပွဲစဉ်အထိ တန်းဆင်းဇုန်အတွက် စပါးအသင်းနှင့် အားပြိုင်ခဲ့ရကာ ဝက်စ်ဟမ်းအသင်းက နောက်ဆုံးပွဲစဉ်တွင် လိဒ်အသင်းကို ၃ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး စပါးအသင်းကလည်း အဲဗာတန်အသင်းကို ၁ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည့်အတွက် ဝက်စ်ဟမ်းအသင်းက စပါးအသင်းနှင့် ရမှတ်နှစ်မှတ်အကွာ အမှတ်ပေးဇယားအဆင့်(၁၈)နေရာ၌သာ ရပ်တည်နိုင်ခြင်းကြောင့် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့တန်းဆင်းခဲ့ရ၍ လာမည့်ဘောလုံးရာသီတွင် အသင်းဝင်ငွေများစွာနည်းပါးမည်ဖြစ်ပြီး အသင်းဝင်ငွေ၊ ထွက်ငွေမျှတစေရန်နှင့် ဘဏ္ဍာရေးစည်းမျဉ်းနှင့်မငြိစွန်းစေရန်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားရောင်းချမှုမှဝင်ငွေဖြည့်တင်းရန် လိုအပ်နေခြင်းဖြစ်သည်။

ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းရသော ဝက်စ်ဟမ်းအသင်းသည် အသင်းဝင်ငွေအများအပြားရရှိနိုင်ရန် လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အဓိက ကစားသမားများဖြစ်သည့် ဘိုဝင်နှင့် ဖာနန်ဒက်တို့အပါအဝင် ကစားသမားအများအပြားကို ရောင်းချရမည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

*Ref;Fabrizio Romano*

# နာပိုလီအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် အေစီမီလန်အသင်း နည်းပြဟောင်း အယ်လီဂရီနီအားခန့်အပ်



ရောမ မေ ၂၉

နာပိုလီအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် အေစီမီလန်အသင်းနည်းပြဟောင်း အယ်လီဂရီနီအား ခန့်အပ်ခဲ့ကြောင်း သိရသည်။

နာပိုလီအသင်းနည်းပြဟောင်း ကွန်တီသည် နာပိုလီအသင်းကို ပြီးခဲ့သည့်ဘောလုံးရာသီက စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ကာ အီတလီစီးရီးအေပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

အလားတူ နည်းပြကွန်တီသည် ယခုဘောလုံးရာသီတွင်လည်း အီတလီစီးရီးအေချန်ပီယံဆုလက်လွှတ်ခဲ့ရသော်လည်း အီတလီစီးရီးအေပြိုင်ပွဲပြီးဆုံးချိန်တွင် အမှတ်ပေးဇယားအဆင့်(၂)နေရာ၌ ရပ်တည်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ရာသီအကုန်တွင် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အလားတူ နည်းပြအယ်လီဂရီနီသည်လည်း ယခုဘောလုံးရာသီတွင် အေစီမီလန်အသင်းကို ဒုတိယအကြိမ် တာဝန်ယူကိုင်တွယ်ခဲ့ရာ ရာသီအစပိုင်းက ချန်ပီယံဆုဖလားစိန်ခေါ်နိုင်သည်အထိ ရလဒ်ကောင်းများရရှိခဲ့သော်လည်း ရာသီပြီးဆုံးခါနီးတွင် ရလဒ်များဆက်တိုက်ဆိုးရွားကာ ပြိုင်ပွဲနောက်ဆုံးပွဲစဉ်အဖြစ်ကစားသည့် ကက်ဂလီယာရီအသင်းနှင့် ပွဲစဉ်တွင် ရှုံးနိမ့်ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် နှစ်ရာသီဆက်လွဲချော်ခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲသာဝင်ခွင့်ရရှိသည့်အတွက် ရာသီအကုန်တွင် အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခဲ့ရပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ နာပိုလီအသင်းနည်းပြသစ်အဖြစ်ခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြ အယ်လီဂရီနီသည် အီတလီစီးရီးအေပြိုင်ပွဲတွင် ဂျူဗင်တပ်စ်အသင်းနှင့်အတူ ချန်ပီယံဆုဖလားများဆွတ်ခူးနိုင်ခဲ့ပြီး အီတလီစီးရီးအေပြိုင်ပွဲတွင် အတွေ့အကြုံအများအပြားရှိသော နည်းပြတစ်ဦးဖြစ်သည့်အတွက် နာပိုလီအသင်းက နည်းပြသစ်ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အလုံးစုံသဘောတူညီမှုရရှိပြီဖြစ်၍ မကြာမီ တရားဝင်လက်မှတ်ရေးထိုးကာ ခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ပြင်သစ်လီဂူးပြိုင်ပွဲ တစ်နှစ်တာ အကောင်းဆုံးကစားသမားစာရင်းတွင် ပီအက်စ်ဂျီအသင်းမှ လေးဦးပါဝင်

ပဲရစ် မေ ၂၉

ယခုဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲ၏ တစ်နှစ်တာနေရာလိုက် အကောင်းဆုံးကစားသမားစာရင်းတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သည့် ပီအက်စ်ဂျီအသင်းမှ ကစားသမားလေးဦးပါဝင်လာခဲ့ကြောင်း သိရသည်။

ပြင်သစ်လီဂူးပြိုင်ပွဲ၏ တစ်နှစ်တာနေရာလိုက် အကောင်းဆုံးကစားသမားစာရင်းတွင် ပီအက်စ်ဂျီအသင်းမှ ဘယ်တောင်ပံခံစစ်နေရာ၌ မန်ဒက်၊ ညာတောင်ပံခံစစ်နေရာ၌ ဟာကီမီ၊ ဗဟိုကွင်းလယ်ကစားသမားနေရာ၌ ဗီတင်ဟာ၊ တိုက်စစ်ကစားသမားနေရာ၌ ဒမ်ဘီလီတို့ပါဝင်လာခြင်းဖြစ်သည်။

ပြင်သစ်လီဂူးပြိုင်ပွဲ၏ တစ်နှစ်တာနေရာလိုက် အကောင်းဆုံးကစားသမားစာရင်းတွင် ပီအက်စ်ဂျီအသင်းမှ ကစားသမားလေးဦးဖြင့် အများဆုံးပါဝင်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး သွင်းဂိုးများသွင်းယူနိုင်ကာ တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုဆွတ်ခူးနိုင်သည့် ဒူအီပါဝင်လာခြင်းမရှိဘဲ တိုက်စစ်နောက်ထပ်တစ်နေရာ၌ ရင်းနက်စ်အသင်းမှ လူငယ်တိုက်စစ်ကစားသမား လီပေါလ်ပါဝင်လာပြီး လန်းအသင်းမှလည်း ကစားသမားသုံးဦးအထိပါဝင်လာကြောင်း သိရသည်။

*Ref;Scores 365*

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကျင်းပ




ရန်ကုန် မေ ၂၉

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၊ သန်လျင်မြို့နယ် သန်လျင်အားကစားကွင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတို့တွင်ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်း (၁) (စက်ဘီးကွင်း)တွင် ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၆ ဂိုး-ဂိုးမရှိ၊ တောင်ဥက္ကလာပမြို့နယ်ပဒေသာအားကစားကွင်းတွင် နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင်လည်း ဧရာဝတီတိုင်းဒေသကြီးအသင်းက နေပြည်တော်အသင်းကို ၂ ဂိုး-ဂိုးမရှိ၊ သန်လျင်မြို့နယ် သန်လျင်အားကစားကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ဂိုး-၂ ဂိုး၊ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတွင် ကချင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာကျောင်းသားလူငယ်များကို မြောက်ဝင်ရိုးစွန်းသို့ အခမဲ့ ၁၀ ရက်ကြာ သိပ္ပံလေ့လာရေးခရီးစဉ် သွားရောက်ခွင့်ရမည့် "Icebreaker of Knowledge 2026" ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထား

နေပြည်တော် မေ ၂၉

ရုရှားနိုင်ငံ ROSATOM အဖွဲ့အစည်းက ကြီးမှူးကျင်းပသည့် "Icebreaker of Knowledge 2026" နိုင်ငံတကာအဆင့် (၃) ကြိမ်မြောက်သိပ္ပံပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံမှ အသက် ၁၄ နှစ်နှင့် ၁၆ နှစ်အကြား ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲကို မေလ ၅ ရက်မှ ဇွန်လ ၁၅ ရက်ကာလအတွင်း အဆင့်သုံးဆင့်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ရမှတ်အမြင့်ဆုံးဖြင့် အောင်နိုင်သူ ၁၀ ဦးသည် ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးဖြင့် မြောက်ဝင်ရိုးစွန်းသို့ ၁၀ ရက်ကြာ အခမဲ့သိပ္ပံလေ့လာရေးခရီးသွားရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ၂၀၂၆ ခုနှစ် ဇွန်လ ၃ ရက် နောက်ဆုံးထား၍ တရားဝင် ဝက်ဘ်ဆိုက် https://goarctic.energy/ တွင် အွန်လိုင်းမှတစ်ဆင့် အခမဲ့စာရင်းသွင်းပြီး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်သူများသည် အဆင့် (၁) အနေဖြင့်မေလ၅ရက်မှဇွန်လ၃ရက်ကာလအတွင်း အွန်လိုင်း ဉာဏ်စမ်းမေးခွန်း(Quiz)ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရာတွင် သိပ္ပံအခြေပြု ဉာဏ်စမ်းပဟေဠိ (Quiz) ကို ဖြေဆိုရမည်ဖြစ်သည့်အပြင် မေးခွန်းအားလုံးဖြေဆိုကာ သတ်မှတ်ရမှတ်ရရှိသူများ အဆင့် (၂) သို့ တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း။

အဆင့်(၂) အနေဖြင့် မေလ ၁၈ ရက်မှ ဇွန်လ ၃ ရက်ကာလအတွင်း Webinars ဆွေးနွေးပွဲများ တက်ရောက်ရမည်ဖြစ်ပြီး အဆင့် (၁) အောင်မြင်သူများသည် အာတိတ်ဒေသ ရေကြောင်းပို့ဆောင်ရေး ဘေးကင်းလုံခြုံစွာဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုသည့် နည်းပညာများအပါအဝင် ROSATOM ၏ ဆန်းသစ်သော ဖြေရှင်းချက်များနှင့် ပတ်သက်သည့် အွန်လိုင်း Webinar များကို လေ့လာ၍ စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း။

အဆင့်(၃) အနေဖြင့် ဇွန်လ ၅ ရက်မှ ၁၅ ရက်ကာလအတွင်း ဗီဒီယိုတင်ဆက်မှု (Video Presentation) ပြုလုပ်ရမည်ဖြစ်ပြီး အဆင့်(၁) နှင့် အဆင့်(၂) တို့တွင် စုစုပေါင်းရမှတ်အမြင့်ဆုံးရရှိသည့် နိုင်ငံများမှ ဆန်ခါတင် ၁၀ ဦးသည် နောက်ဆုံးအဆင့် လုပ်ဆောင်ချက်ခေါင်းစဉ်နှင့် သက်ဆိုင်သည့် ၎င်းတို့၏ စိတ်ကူးစိတ်သန်းများကို "Video Business Card" (ဗီဒီယိုဖြင့် မိတ်ဆက်တင်ပြခြင်း)ပုံစံဖြင့် တင်ပြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲရလဒ်များကို ဇွန်လတွင် ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် မြောက်ဝင်ရိုးစွန်းသို့ သွားရောက်မည့် ကမ္ဘာ့အဆင့် အထူးခရီးစဉ်လက်မှတ်ကို ဆွတ်ခူးရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ RAIN ကိုယ်ပိုင်အဖွဲ့အစည်းမှ ပြန်ကြားရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် အလက်ဇန္ဒားယူးစတပ်စ်က "ဗဟုသုတရေခဲခွဲသင်္ဘော (Icebreaker of Knowledge) စီမံကိန်းကို နိုင်ငံတကာအဆင့်အနေနဲ့ ကျင်းပတာဒါဟာ တတိယအကြိမ်မြောက်ဖြစ်ပါတယ်။ နိုင်ငံပေါင်း ၂၂ နိုင်ငံက ကလေးငယ်တွေဟာ နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးနဲ့ မြောက်ဝင်ရိုးစွန်းဆီကို စိတ်လှုပ်ရှားဖွယ်ရာ ပညာပေးခရီးစဉ်နဲ့စတင်ကြမှာပါ။ ၁၀ ရက်တာအတွင်းမှာ သူတို့ဟာ ထိပ်တန်းသိပ္ပံပညာရှင်တွေ၊ သိပ္ပံပညာပြန်ကြားရေးကျွမ်းကျင်သူတွေ၊ ဘလော့ဂါတွေနဲ့အတူ အာတိတ်ဒေသကို လေ့လာစူးစမ်းကြမှာဖြစ်ပါတယ်။ ဒီခရီးစဉ်ဟာ ကမ္ဘာ့အမြင့်ဆုံးအမှတ်ကို ရရှိဖို့အတွက်သာမက ဗဟုသုတအမြင်တွေ ကျယ်ပြန့်လာစေဖို့၊ မိတ်ဆွေသစ်တွေရရှိဖို့၊ စံချိန်သစ်တွေတင်နိုင်ဖို့နဲ့ ဝင်ရိုးစွန်းဝက်ဝံတွေကို မြင်တွေ့နိုင်ဖို့ အခွင့်အရေးတစ်ခုဖြစ်ပါတယ်" ဟု ပြောကြားသည်။

မြဝတီ

လေကောင်းလေသန့်ရသောပတ်ဝန်းကျင်တွင် လမ်းလျှောက်ရင်း အသက်ရှူလေ့ကျင့်ခန်းများပြုလုပ်ပေးပါ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Mya Thida Win 8811" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ မြသီတာဝင်း(ခ) ရှမ်းမအား ည ၆ နာရီ ၂၅ မိနစ်တွင် မတ္တရာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**ပျောက်ဆုံးကြောင်း**
ထက်ထက်အောင်(ဘ)ဦးခင်အောင် ၁၂/တမန(နိုင်)၁၀၅၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၂၂၄၅၄၇၆

**ပျောက်ဆုံးကြောင်း**
အောင်မြင့်သူ(ဘ)ဦးတင်အောင် ၈/ဆဖန(နိုင်)၁၀၆၄၁၅ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၀၁၃၅၄၁

**ပျောက်ဆုံးကြောင်း**
ဇင်ဖြိုး(ဘ)ဦးဝင်းမောင် ၁၂/ခရန(နိုင်)၁၁၆၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၉၉၅၅၀၃

**ပျောက်ဆုံးကြောင်း**
အေးမြတ်စိုး(ဘ)ဦးမင်းဦး ၁၄/ပသန(နိုင်)၃၅၄၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 252586)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၄၆၈၉၀၆၂

**ပျောက်ဆုံးကြောင်း**
နန်းဝင်းရတနာစိုး(ဘ)ဦးမြမိုး ၃/ဘအန(နိုင်)၃၈၄၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၇၇၉၅၁၄

**ပျောက်ဆုံးကြောင်း**
ပန်းအိဖြူ(ဘ)ဦးစောမြင့် ၁၄/ဘကလ(နိုင်)၃၈၇၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၂၈၆၀၂၇

**ပျောက်ဆုံးကြောင်း**
ခင်လှိုင်လှိုင်ဝင်း(ဘ)ဦးခင်မောင်ရီ ၁၁/ရဗန(နိုင်)၀၈၅၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၂၁၃၆၁၆၇

**ပျောက်ဆုံးကြောင်း**
နန်းရွှေကျင်(ဘ)ညီနပ် ၁၃/တယန(နိုင်)၁၀၀၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၀၃၆၉၃၇

**ပျောက်ဆုံးကြောင်း**
သဇင်အေး(ဘ)ဦးကျော်ဇင် ၁၂/ကမတ(နိုင်)၀၀၁၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၆၉၆၈၀၈၃

**ပျောက်ဆုံးကြောင်း**
ပိုးအိလွင်(ဘ)ဦးကြည်လွင် ၁၂/ဒဂရ(နိုင်)၀၁၁၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၇၂၉၂၄၄

**ပျောက်ဆုံးကြောင်း**
အောင်သူရဝင်း(ဘ)လှဝင်းတင် ၁၂/လမတ(နိုင်)၀၀၁၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၆၈၅၆၅၄

**ပျောက်ဆုံးကြောင်း**
လမင်းဝင်း(ဘ)ဦးဘဝင်း ၁၂/ရကန(နိုင်)၀၈၆၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၆၁၃၄၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board

**လျှောက်လွှာခေါ်ယူခြင်း**
**ကြော်ငြာစာအမှတ်၊ ၂/ ၂၀၂၆**
**၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်**
**( ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်)**

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့်ပြည်ထောင်စုရာထူးဝန်အဖွဲ့ (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်(သို့မဟုတ်)တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ ၂၉-၆-၂၀၂၆ ရက်နေ့နောက်ဆုံးထားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ပါသည်-

(က) **ပို့ဆောင်ရေးဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| မြန်မာ့မီးရထား | ဆရာဝန် | ၃ နေရာ | **ဆေးပညာဘွဲ့(M.B.,B.S.)** |

(ခ) **ကျန်းမာရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ကုသရေးဦးစီးဌာန | ဆရာဝန် (သစ်လွင်) | ၁၂၇ နေရာ | **ဆေးပညာဘွဲ့(M.B.,B.S.)** |
| | | ဆရာဝန် (သွားနှင့်ခံတွင်း) | ၄၂ နေရာ | **သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S)** |
| (၂) | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (အစားအသောက်) | ၆ နေရာ | **ဆေးပညာဘွဲ့(M.B.,B.S.)** |
| | | ဦးစီးအရာရှိ (ဆေးဝါး) | ၃ နေရာ | **ဆေးပညာဘွဲ့(M.B.,B.S.)** |
| | | ဦးစီးအရာရှိ (ဆေးပစ္စည်း/အလှကုန်) | ၄ နေရာ | **ဆေးပညာဘွဲ့(M.B.,B.S.)** |
| | | ဦးစီးအရာရှိ (ဓာတ်ခွဲ) | ၂ နေရာ | **ဆေးပညာဘွဲ့(M.B.,B.S.)** |

(ဂ) **နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဆရာဝန် | ၁၄ နေရာ | **ဆေးပညာဘွဲ့(M.B.,B.S.)** |
| ဌာနစုမှူး/ ဦးစီးအရာရှိ (ဆရာဝန်) | ၁ နေရာ | **ဆေးပညာဘွဲ့(M.B.,B.S.)** |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအတွက် လျှောက်ထားသူများသည် ၂၉-၆-၂၀၂၆ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်**အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊**

(ဂ) နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် လျှောက်ထားသူများသည် ၂၉-၆-၂၀၂၆ ရက်နေ့တွင် **ပြင်ပပုဂ္ဂိုလ်အသက်(၃၅)နှစ်[ဝန်ထမ်းဖြစ်ပါကအသက် ၄၀နှစ်]ထက်မကျော်လွန်သူဖြစ်ရမည်၊**

(ဃ) ဆေးပညာဘွဲ့(M.B.,B.S.)၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S)နှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံရသည့် သက်တမ်းကုန်ဆုံးခြင်းမရှိသေးသည့် အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ/သခ)ကိုင်ဆောင်ထားသူ(သို့မဟုတ်) အလုပ်သင်ဆရာဝန်ပြီးမြောက်သူများအနေဖြင့် လျှောက်ထားချိန်တွင် အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာတင်ပြနိုင်သူဖြစ်ရမည်ဖြစ်ပြီး မိတ္တူများကို လျှောက်လွှာနှင့်အတူပူးတွဲပေးပို့ရမည်၊

(င) ကုသရေးဦးစီးဌာန၊ ဆရာဝန်(သစ်လွင်/သွားနှင့်ခံတွင်း)ရာထူးအတွက်လျှောက်ထားသူများသည်-
- စတင်တာဝန်ထမ်းဆောင်သည့်ဆေးရုံတွင် သတ်မှတ်ကာလပြည့်အောင် တာဝန်ထမ်းဆောင်ပြီးပါက အခြားလုပ်ငန်းလိုအပ်ချက်ရှိသောဆေးရုံများသို့ နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
- ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်၊

(စ) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ(အစားအသောက်/ဆေးဝါး/ဆေးပစ္စည်း/အလှကုန်/ဓာတ်ခွဲ) ရာထူးများအတွက် လျှောက်ထားသူများသည်-
- အသားတင်လုပ်သက်(၃)နှစ်ပြည့်အောင် နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
- လုပ်သက်(၃)နှစ်ကာလအတွင်းအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်သက်ဆိုင်သော ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲကိုသာ ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဆေးပညာမဟာသိပ္ပံဘွဲ့သင်တန်းအောင်မြင်ပြီးနောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အနည်းဆုံးလုပ်သက်(၃)နှစ်ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဆ) **ကြော်ငြာပါလစ်လပ်ရာထူးများအတွက် လျှောက်ထားသူများအနက် ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှသတ်မှတ်အသက်ထက်(၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်၊**

(ဇ) ကျန်းမာရေးဝန်ကြီးဌာနအတွက် အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်းထောက်ခံစာဖြင့် လျှောက်ထားသူများသည် အလုပ်ခန့်အပ်ခြင်းခံရပြီး စတင်တာဝန်ထမ်းဆောင်ကြောင်း သတင်းပို့ချိန်တွင်(ဆမ/သခ)ထုတ်ပေးရန် ထောက်ခံချက်ပေးမည်ဖြစ်ပါသည်၊

(ဈ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ အထက်စာပိုဒ်(၁)ပါ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာနအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၁၀ နည်းဥပဒေခွဲ(ဇ)အရ ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက လက်ခံရယူလိုခြင်းမရှိပါကြောင်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် ရာထူးမှထုတ်ပယ်ခံရသူများလျှောက်ထားလာပါက လက်ခံရယူလိုခြင်းရှိပါကြောင်းဖော်ပြထားပါသည်။

၄။ **ကြော်ငြာပါရာထူးအတွက် ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင်ဖွင့်လှစ်သည့် အရာထမ်းလောင်း(အထူး)သင်တန်းများသို့ လက်တလောတွင် တက်ရောက်စေခြင်းမပြုသေးဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ် ဦးစွာခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ပါသည်။**

၅။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာခေါ်ယူသောရာထူးအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့် အသေးစိတ်အချက်အလက်များကို အချိန်မီသိရှိလိုပါက **Myanmar National Portal**-www.myanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့်ထုတ်ပြန်ချက်တွင်မရှင်းလင်းသည်များမေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရွေးချယ်ရေးဌာနစိတ်၏တယ်လီဖုန်းအမှတ်၊ ( ၀၆၇-၃၄၀၉၀၅၂ /၀၆၇-၃၄၀၉၄၃၀/၀၉-၄၂၄၄၀၈၉၅၄/၀၉-၄၂၀၇၀၆၆၀၅/၀၉-၇၉၇၇၂၇၆၉၆/၀၉-၂၅၄၃၄၇၂၀၉ နှင့် ၀၉-၂၆၂၅၀၂၉၈၈)တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

## ပျောက်ဆုံးကြောင်း
စည်သူအောင်(ဘ)ဦးတင်မိုးရွှေ ၁၄/ကလန(နိုင်)၁၉၄၀၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၇၀၈၂၃၇

## ပျောက်ဆုံးကြောင်း
ကောင်းရဲထွဋ်(ဘ)ဦးမောင်မောင်တင် ၁၁/အမန(နိုင်)၀၇၅၅၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 581506)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၈၄၂၉၈၈၈

## ပျောက်ဆုံးကြောင်း
စည်သူလင်း(ဘ)ဦးစိန်လင်း ၁/မကန(နိုင်)၁၉၅၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၆၅၁၃၁၆

## ပျောက်ဆုံးကြောင်း
ပိုင်ကျုံမြို့၊ ကွမ်ဖော်ကျေးရွာနေ မင်းငွေနိုင်ဦး(ဘ)ဦးမင်းထက်ကျော် ၃/လဘန(နိုင်)၂၃၄၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 788928)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၀၁၂၉၉၇

## ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ Grade-10 မှ မောင်နိုင်လင်းအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသက်ခိုင်ထွန်း ၅/စကန(နိုင်)၂၃၉၁၅၀ ဖြစ်ပါကြောင်း။
ဦးသက်ခိုင်ထွန်း

## မိဘအမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ အ.လ.က ဘောနတ်ကြီးကျောင်း၊ Grade-8 မှ မောင်အောင်ဇင်ဟိန်း၏ မိဘအမည်မှန်မှာ ဦးကျော်တင့်နှင့် ဒေါ်နေရီသန့်တို့ ဖြစ်ပါကြောင်း။
ဦးကျော်တင့်-ဒေါ်နေရီသန့်

# ဆောက်လုပ်ရေးဝန်ကြီးဌာန
# လမ်းဦးစီးဌာန
# မန္တလေးတိုင်းဒေသကြီး
# ပြင်ဦးလွင်ခရိုင်
**အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁/ ၂၀၂၆-၂၀၂၇)ခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| ၂။ (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် ရက်/အချိန် | - | ၅-၆-၂၀၂၆ ရက်(သောကြာနေ့)၊ (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့် ရက်/အချိန် | - | ၁၅-၆-၂၀၂၆ ရက်(တနင်္လာနေ့)၊ (၁၅:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင် |
| (ဃ) | တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် | - | ၁၇-၆-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)၊ (၁၀:၀၀)နာရီ |
| (င) | တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင် |

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ပြင်ဦးလွင်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း(၀၈၅-၂၀၂၂၆၄၉၊ ၀၉-၄၀၀၀၂၉၄၀၄)သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်**

## အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ ဖူလုံ အ.ထ.က တွင် ဆဋ္ဌမတန်းထိ ပညာသင်ကြားခဲ့သော အဘ ဦးဖိုးဇော်၏သား မောင်ဇာနည်ထွန်း၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ကျော်စိုးဝင်းဖြစ်ပါကြောင်း။
မောင်ကျော်စိုးဝင်း

## ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အ.ထ.က (ခွဲ)ကံတော်ကျောင်း၊ Grade-6 မှ မစုမြတ်သဇင်၏ဖခင်အမည်မှန်မှာ ဦးသီဟဇော် ၇/ညလပ(နိုင်)၂၂၄၅၃၁ ဖြစ်ပါကြောင်း။
ဦးသီဟဇော်

## ပျောက်ဆုံးကြောင်း
ဇော်လင်းသူ(ဘ)ဦးချစ်တိုး ၅/ကလထ(နိုင်)၃၀၂၇၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း
ရင်ရင်ချို(ဘ)ဦးမောင်မောင်ချို ၁၂/ဗဟန(နိုင်)၀၈၂၂၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 672505)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အ.လ.က(၇)ကျောင်းတွင် ကျောင်းဝင်အမှတ်(၁၀၈၈)၊ G-8 မှ မောင်ကျော်ဇင်လင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး ၁၂/ဥကမ(နိုင်)၂၉၃၈၀၉ ဖြစ်ပါကြောင်း။
ဦးဇော်မင်းဦး

## ပျောက်ဆုံးကြောင်း
ဝင်းအောင်(ဘ)ဦးလုံပေါက် ၁၃/လရန(နိုင်)၂၅၈၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## မွေးသက္ကရာဇ်အမှန်
ပဲခူးမြို့၊ EC ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ် (၀၁၂၇)၊ G-7 မှ မောင်အောင်ရဲထွဋ်(ဘ)ဦးကျော်ဆန်း၏သား မွေးသက္ကရာဇ်အမှန်မှာ (၂၇-၁၁-၂၀၁၁)ဖြစ်ပါကြောင်း။
(၂၇-၁၁-၂၀၁၁)

## အမည်ပြောင်း
မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မြေသာလမ်း၊ အမှတ်(၄၆၅)နေ (ဘ)ဦးရဲရင့်ဖြိုး ၁၂/မရက(နိုင်)၂၀၀၇၀၉ ၏သမီး မခွန်းဆက်ဟန်အား မမေဖူးဟန်သာဟု ပြောင်းလဲခေါ်ဆိုပါရန်။
မမေဖူးဟန်သာ

## ပျောက်ဆုံးကြောင်း
ဝေယံမိုး(ဘ)ဦးမိုးဟိန်း ၁၂/လကန(နိုင်)၂၂၆၇၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၇၉၅၅၄၉

## ပျောက်ဆုံးကြောင်း
အိထက်ထက်ဇင်(ဘ)ဦးဇော်မင်း ၈/နမန(နိုင်)၂၄၂၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

## ပျောက်ဆုံးကြောင်း
ရေတာရှည်မြို့၊ သပြေညိုရွာနေ နွေးထွေးအောင်(ဘ)ဦးဝင်းကြူ ၇/ရတရ(နိုင်)၀၉၈၂၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၈၂၃၈၇၅

## ပျောက်ဆုံးကြောင်း
ပျဉ်းမနားမြို့၊ ကံဦးရပ်နေ ဦးမိုးညွှန့်ဦး(ဘ)ဦးဝင်းနိုင် ၉/ပမန(နိုင်)၂၁၈၃၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 329134)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၃၁၂၂၈၉၇

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ်(၂၅၈)နေ ဦးဖုန်းသက်မော်၏သား မောင်တင်ထက်ကို ၁၂/ရကန(နိုင်)၀၉၂၆၅၉ သည် မိဘများဆိုဆုံးမမှုကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးဖုန်းသက်မော်

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ ရန်ရှင်းလမ်းနေ၊ ဦးကျော်အေး(၉/မထလ(နိုင်)၀၁၂၅၄၆) ကိုင်ဆောင်သူမှ(အလျား ၁၉'-၀"x အနံ ၂၇'-၀")RC(၂)ထပ် Slab မိုးအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## မိဘအမည်မှန်
မော်လမြိုင်မြို့၊ သုခဝတီအထက်တန်းကျောင်း Grade-6 မှ မရှားပွင့်ဖြူ၏မိဘအမည်မှန်မှာ ဦးစိုးနန္ဒာအောင် နှင့် ဒေါ်ဇင်သူထက်ဖြစ်ပါကြောင်း။
ဦးစိုးနန္ဒာအောင်-ဒေါ်ဇင်သူထက်

## ဖခင်အမည်မှန်
ရောဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သာဒုချောင်းကျေးရွာအုပ်စု၊ အ.မ.က ရုံးတောကျောင်း Grade-4 အောင်ပြီး မောင်မြတ်ဘုန်းအောင်၏ဖခင်အမည်မှန်မှာ ဦးစန်းမောင် ၁၄/ဇလန(နိုင်)၁၆၇၄၀၃ ဖြစ်ပါကြောင်း။
ဦးစန်းမောင်

## ပျောက်ဆုံးကြောင်း
မသင်းမြတ်မိုး(ဘ)ဦးအောင်ကျော်မိုး ၁၄/ကကတ(နိုင်) ၁၉၅၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 909293)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၇၃၆၄၃၄၃

## အမည်ပြောင်း
ကျိုင်းတုံမြို့၊ အ.လ.က(ပန်ဟုန်း)Grade-1 မှ ပညာသင်ကြားနေသော အဘ ဦးယေရမိ ၁၃/ကတန(နိုင်)၁၅၀၅၂၉ ၏သား မောင်နေယံမြင့်မြတ်အား မောင်သူရိန်မိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်သူရိန်မိုး

## အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ အဘ ဦးသော်မိုးဇော် ၇/ပမန(နိုင်)၂၃၆၁၅၉ ၏သမီး မမိုးစက်မေအား မမေသွန်းစက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မမေသွန်းစက်

## ပျောက်ဆုံးကြောင်း
ဝေယံဖြိုး(ဘ)ဦးမြင့်ဝင်း ၅/ရဘန(နိုင်)၂၄၇၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း
ဖြိုးထက်လင်း(ဘ)ဦးသိန်းဝင်း ၇/ကပက(နိုင်)၁၁၀၇၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 447915)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း
ခန့်ကိုကို(ဘ)ဦးမြင့်ဦး ၁၄/ဒဒရ(နိုင်)၂၅၆၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း
ကျော်စိုးမင်း(ဘ)ဦးလှတင် ၇/အဖန(နိုင်)၀၅၉၅၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

## ပျောက်ဆုံးကြောင်း
ဥူးတိသာမေ့(ဘ)ဦးတင်မောင် ၉/အမရ(သ)၀၀၁၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၃၅၁၂၉၁



အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com




ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
WHITE SUGAR
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်




ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND
CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၃ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀




ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်း – ဖုန်း – ၀၉ ၄၄၃၃၆၃၃၉၉ ၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်–မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်မြို့ရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေး၊ တပ်မတော်ဆေးရုံတွင်တက်ရောက်ကုသနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၉

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ဗထူးတပ်မြို့ရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် တပ်မတော်ဆေးရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) အရာခံ/အကြပ်ကြီးသင်ကျောင်းရှိသင်တန်းသားစားရိပ်သာသို့ရောက်ရှိပြီး ရိက္ခာ၊ အသား/ငါးနှင့် ဟင်းသီးဟင်းရွက်များအား စတိုခန်းများအတွင်းထားရှိမှုအခြေအနေများ၊ ချက်ပြုတ်နေမှုနှင့် ကျွေးမွေးရန်ပြင်ဆင်ထားရှိမှုအခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး စာမျက်နှာ ၁၁ ကော်လံ ၁ ■



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲများကျင်းပပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲကျင်းပစဉ်။

နေပြည်တော် မေ ၂၉

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသည့်အပြင် "နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ယင်းတာဝန်များကို စာမျက်နှာ ၂၂ ကော်လံ ၁ ●

**ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ချင်းပြည်နယ်၊ တွန်းဇံမြို့သို့ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများရောက်ရှိ** စာ - ၁၂ သို့

---

**ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၄ ထပ်လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၁၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်** စာ - ၂၇ သို့